# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင် နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ်(၀၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

# ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထားဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထားမြှင့်တင်ပေးရန်လို

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**ယနေ့ ဖတ်စရာ**


**ပုဂံခေတ် အမျိုးသား၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုး ရောင်းချပေးမည်** စာ - ၇

**ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထ၊ ပညာရေးက** စာ - ၁၀

**သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် လအတော်ကြာပိတ်ထားရသော မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်** စာ - ၁၃

# ကိုယ့်အိမ်တွင်လောင်သည့် သူများမီး

Proxy War ဟူသော အင်္ဂလိပ်ဝေါဟာရကို ကိုယ်စားစစ်ပွဲ၊ ကိုယ်စားပြုစစ်ပွဲ စသည်ဖြင့် ဘာသာပြန်ဆိုကြသည်။ နောက်ကွယ်မှ အင်အားကြီးနိုင်ငံတို့၏ အကူအညီအထောက်အပံ့ဖြင့် ၎င်းအင်အားကြီးနိုင်ငံတို့၏ အကျိုးစီးပွားများအတွက် နိုင်ငံတစ်နိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများအကြား သို့မဟုတ် နိုင်ငံငယ်များအချင်းချင်း တိုက်ခိုက်ကြခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ကိုယ့်ရေကိုယ့်မြေ၊ ကိုယ့်နိုင်ငံကို စစ်တလင်းပြု၍ သူတစ်ပါးအကျိုးအတွက် အသက်သွေးချွေးတို့ကို ပေးဆပ်ကာ စစ်ခင်းကြခြင်းဖြစ်သည်။ နောက်ကွယ်မှ လက်မည်းကြီးများ ကူညီထောက်ပံ့ကြသည့် ဘဏ္ဍာငွေကြေးများ၊ စစ်ရေးသင်တန်းများ၊ လက်နက်ခဲယမ်းနည်းပညာအကူအပံ့များက အကျိုးလိုလို့ ညောင်ရေလောင်းကြခြင်းသက်သက်သာ။

"မိမိတို့သည် တစ်ချိန်လုံးလိုလို ပုံမှန်မဟုတ်သော စစ်ပွဲများကိုသာ ဆင်နွှဲခဲ့ကြရသည်။ ယခု ခေတ်ပြောင်းသွားခဲ့ပြီ။ မဟာအင်အားယှဉ်ပြိုင်မှုခေတ်ထဲသို့ မိမိတို့ ရောက်ရှိသွားခဲ့ကြပြီ။ မိမိတို့၏ မဟာဗျူဟာပြိုင်ဘက်များမှာ ရုရှားနှင့် တရုတ်တို့ဖြစ်သည်" ဟူ၍ အမေရိကန်ကာကွယ်ရေးဝန်ကြီး (ဟောင်း) မတ်အက်စ်ပါက ၂၀၁၉ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုရေတပ်ကောလိပ်၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပြီးခဲ့သည့် မတ်လအတွင်းက ထုတ်ဝေခဲ့သည့် တက္ကဆက်အမျိုးသားလုံခြုံရေးရီဗျူးတွင် အနာဂတ်ကာလ တရုတ်နှင့် အမေရိကန်ကိုယ်စားပြုစစ်ပွဲနှင့် စပ်လျဉ်း၍ စာတမ်းတစ်စောင်ပါရှိရာ ၎င်းနှစ်နိုင်ငံစလုံးသည် စစ်ရေးအရ မဟာအင်အားယှဉ်ပြိုင်မှုကို ၎င်းတို့၏မြေပေါ်တွင်အစား နိုင်ငံရပ်ခြားဒေသများတွင် ဆင်နွှဲကြလိမ့်မည်ဖြစ်ကြောင်း၊ နှစ်ဖက်ဆင်နွှဲမည့် စစ်မြေပြင်သည် တောင်တရုတ်ပင်လယ်ထက် ဗင်နီဇွဲလား သို့မဟုတ် မြန်မာတို့တွင် ပို၍ဖြစ်နိုင်ခြေရှိကြောင်း ဖော်ပြထားသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်ထုတ် တရုတ်အက်ရှင်ဇာတ်ကြမ်းကား "ဝံပုလွေစစ်သည်တော်-၂"ကိုလည်း ဇာတ်ဝင်ခန်းများက မျက်စိနောက်စရာဖြစ်သည့်တိုင် စိတ်ကူးအားဖြင့် အနာဂတ်ကာလတွင် ပြည်ပနိုင်ငံများ၏ ပြည်တွင်းစစ်ပွဲများက တရုတ်နှင့် အမေရိကန်တို့၏ အင်အားယှဉ်ပြိုင်ရာ နေရာများဖြစ်လာမည့် အလားအလာများမြင့်မားလာမှုကို ပြသနေခြင်းဖြစ်သည်ဟူ၍လည်း ဆိုထားသည်။

ကိုယ်စားပြုစစ်ပွဲများသည် စည်းလုံးညီညွတ်သည့်နိုင်ငံ၊ ငြိမ်းချမ်းသာယာသည့်နိုင်ငံများတွင် ဖြစ်ပေါ်နိုင်ခြင်းမရှိ။ သူတစ်လူငါတစ်မင်း ဖြစ်နေသော၊ ပဋိပက္ခများ ပွမ်းတီးနေသော နိုင်ငံများ၊ စစ်ကိုဖိတ်ခေါ်နေသော နိုင်ငံများတွင်သာဖြစ်နိုင်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖန်တီးနေသူများက နောက်ကွယ်မှ အထောက်အပံ့များနှင့် အားပေးအားမြှောက်ပြုမှုများကို အကျိုးလို၍ ညောင်ရေလောင်းမှုများအဖြစ် မမြင်။ မိမိတို့၏ ဝါဒလမ်းစဉ်ကို အင်အားကြီးနိုင်ငံတို့က အားပေးထောက်ခံမှုအဖြစ် ခံယူကာ မီးကုန်ယမ်းကုန် အရှိန်မြှင့်ကြသည်။ စစ်ပွဲဆင်နွှဲနေကြသည့် ဘက်နှစ်ဖက်၏နောက်ကွယ်မှ မီးလောင်ရာလေပင့်သည့်နယ်စစ်ရေးအကူအညီအထောက်အပံ့များက စစ်တလင်းဖြစ်နေသည့် နိုင်ငံကို တစ်စစီ ကြေမွပြာကျသွားစေနိုင်ကြောင်း သာဓကများမျက်မှောက်ကမ္ဘာတွင် တွေ့မြင်နိုင်သည်။ ထိုနိုင်ငံများမှ ပြည်သူများ၏ နေ့စဉ်ဘဝများမှ ဒုက္ခဆင်းရဲများ၊ သောကဗျာပါဒများက အင်အားကြီးတို့၏ အားပြိုင်မှုကို ကိုယ့်မြေကိုယ့်ရေပေါ်တွင် လက်ခံ၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သူတစ်ပါးတို့၏မီးကို ကိုယ့်အိမ်တွင် လောင်ကျွမ်းစေ၍ ကိုယ့်အိမ်သားတို့ မီးဘေးဒုက္ခသည်ဖြစ်ရခြင်း ဖြစ်သည်။

ယခုလည်း မိမိတို့နိုင်ငံကို မငြိမ်မသက်မှုများ တိုးပွားအောင်၊ ပဋိပက္ခများ ကြီးထွားလာအောင် ပြည်ပအင်အားကြီးတို့ အင်တိုက်အားတိုက် ပြုလုပ်နေကြသည်။ နိုင်ငံအကျပ်အတည်းကျစေရေးဟူသော စေတနာဆိုးဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးတစ်လုံးမျှပင် မပေးခဲ့ကြသူတို့က နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ကြီးထွားလာရေးအတွက် နယ်စပ်အထိပင်လာရောက်ကာ တို့မီး ရှို့မီးလုပ် ကူပံ့ကြသည်။ အချို့လည်း နယ်ကျော်ခိုးဝင်ကာ အကြမ်းဖက်သင်တန်းများ ပေးကြသည်။ လက်လုပ်မိုင်း၊ လက်လုပ်သေနတ်လုပ်နည်းများ အွန်လိုင်းမှတစ်ဆင့် ပို့ချကြသည်။ သူတို့လုပ်သမျှအားလုံးက မြန်မာနိုင်ငံအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများဘဝ သာယာချမ်းမြေ့ရေးအတွက်မဟုတ်ဘဲ ပြိုကွဲပျက်စီးရေးအတွက် အဖျက်သက်သက်သာဖြစ်သည်ကို ရှင်းလင်းစွာ ရှုမြင်နိုင်ကြပါစေကြောင်း။ ။

# ရာဇဝတ်အထူးအယူခံမှု (၅) မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၃) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၅/၂၀၂၀ (မန္တလေး)၊ ၁၀ / ၂၀၂၀ (မွန်)၊ ၁/ ၂၀၂၁ (ရန်ကုန်)၊ ၂ / ၂၀၂၁ (ရန်ကုန်)နှင့် ၃ / ၂၀၂၁ (မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄ /၂၀၂၀ (ရောဝတီ)၊ ၅ / ၂၀၂၀ (ရောဝတီ) နှင့် ၇ /၂၀၂၀ (ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၃)မှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၃၀-၁၁-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၂၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Remdesivir Power for Injection ၁၀၀၀၀၊ Dexamethasone Tablet ၃၀၀၀၊ Dexamethasone Tablet ၃၀၀၀၊ Levofloxacin Infusion ၉၉၉၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oximeter ၁၀၀၀၀၊ Oxygen Filling Plant တစ်ခု၊ Oxygen Cylinder ၅၃၀၊ Oxygen Concentrator ၁၀၀၀၊ ဆေးဝါးမျိုးစုံ ၂၀ (၁၆၂၇၆၀ ဒသမ ၇၇) Kg ၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ၁၀ ခုမှ Mask ၈၄၄၉၇ Kg ၊ PPE ၁၈၀၀၀၊ Disposable Cap ၁၄၀၀ Kg ၊ Medical Adhesive Tape ၂၃၂၀၊ Medical Plaster ၂၃၄၀၊ Syringe ၇၇၃၅၈ ခု၊ Face Shield ၅၅၆ Kg ၊ Shoe Cover ၇၅၄၉ Kg ၊ Gloves ၉၂၂ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection-Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 4 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 8 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် သာယာဝပြောသည့် နိုင်ငံ၊ စားရေရိက္ခာပေါများသည့် နိုင်ငံဖြစ်ရန်လိုပြီး မိမိတို့အနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ

**"မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံဆောင်ရွက်လျက်ရှိသော်လည်း စိုက်ပျိုးရေးတက္ကသိုလ် တစ်ခု၊ မွေးမြူရေးနှင့် ကုသရေးဆေးတက္ကသိုလ် တစ်ခုသာရှိ၊ အချို့ပြည်နယ်နှင့် တိုင်းများတွင်လည်း စိုက်ပျိုးရေးသိပ္ပံများရှိသော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးပြည့်စုံအောင် မဖွင့်လှစ်နိုင်သေး၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရန်အတွက် စိုက်ပျိုးမွေးမြူရေးသိပ္ပံများဖွင့်လှစ်ခြင်း၊ ထိုမှတစ်ဆင့် ကောလိပ်များနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်များရှိသည့် နေရာများတွင် တက္ကသိုလ်အဆင့်အထိ ဆက်လက်တိုးမြှင့် ဖွင့်လှစ်ပေးမည်ဖြစ်၊ သို့မှသာ ကျေးလက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်"**

*❄ ရွှေဖုံးမှ*

ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာ ငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့် တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

### စားရေရိက္ခာပေါများရေးဦးစားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မည်သည့်နိုင်ငံတွင်မဆို ချမှတ်ထားသည့် နိုင်ငံရေးဆိုင်ရာမူဝါဒများအား အစိုးရများကအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် သာယာဝပြောသည့် နိုင်ငံ၊ စားရေရိက္ခာပေါများသည့် နိုင်ငံဖြစ်ရန်လိုပြီး မိမိတို့အနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထား ဆောင်ရွက်နေရခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဆိုပါက စားရေရိက္ခာများ ပေါများမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်သည့် အခြေခံစွမ်းအားစုများ မိမိတို့ပြည်တွင်း၌ အားလုံးရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စားရေရိက္ခာပေါများရေး ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာ ထုတ်လုပ်သူများသည် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ ပြည်ပပို့ကုန်များတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် လုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပဝင်ငွေအများဆုံး ရရှိနေခြင်းဖြစ်ကြောင်း။

### ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသူများသည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ စီးပွားရေး ကောင်းမွန်ရေးအတွက် ဦးစားပေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဘဝတိုးတက်စေရေးအတွက် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများအရ ကျေးလက်ဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွားရေး မြှင့်တင်ရေး၊ ပြည်နယ်များ ဖွံ့ဖြိုးရေးတို့အတွက် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

### မဖြစ်မနေဆောင်ရွက်

၂၀၁၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်းအစီရင်ခံစာများအရ ဆောင်ရွက်ရမည့် လုပ်ငန်းများများစွာရှိကြောင်း၊ အဆိုပါစာရင်းတွင် ၅ နှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်း ရှိကြောင်း၊ အလားတူ ၂၅ နှစ်အထက်လူဦးရေ ၂၅ ဒသမ ၁၆၉ သန်းရှိပြီး အလယ်တန်းအထိ ပညာသင်ကြားခဲ့သူ ၁၈ သန်းကျော်ရှိသဖြင့် ၇ သန်းကျော်ခန့်သာ အထက်တန်းပညာ သင်ကြားမှုရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးကို ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ **"အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်"** ဖြစ်ကြောင်း၊ လူငယ်များအား ကိုယ့်ခြေလှမ်းပေါ်တွင် ရပ်တည်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပညာသင်ကြားရေးအား မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ နိုင်ငံတစ်ဝန်းကျောင်းမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ကယားပြည်နယ်တွင် ၉ ဒသမ ၇ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ချင်းပြည်နယ်တွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၂၃ ရာခိုင်နှုန်းရှိသဖြင့် အဆိုပါပြည်နယ် ၅ ခုသည် ပြည်ထောင်စု၏ ပျမ်းမျှနှုန်းထက် ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း၊ စာရင်းများအရ မြို့ပြ၌ လူ ၁၀၀ ဦးတွင် ၅ ဦး၊ ကျေးလက်နေလူ ၁၀၀ ဦးတွင် ၉ ဦးသည် ကျောင်းတက်ရောက်မှု မရှိသည်ကိုတွေ့ရှိရကြောင်း၊ လူဦးရေနှင့် အသက်အပိုင်းအခြားအရ ၅ နှစ်မှ ၉ နှစ်အတွင်း ၉၂ ရာခိုင်နှုန်း ကျောင်းနေသည်ကို တွေ့ရှိရသော်လည်း ၁၀ နှစ်မှ ၁၅ နှစ်အရွယ်တွင် မူလတန်းလွန်မှ အလယ်တန်းအဆင့် ၇၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ၁၆ နှစ်မှ ၂၉ နှစ်အထိ ပညာသင်ကြားသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ အသက်အပိုင်းအခြားအရ မူလတန်းပညာသင်ကြားသည့်အရွယ်များသော်လည်း အလယ်တန်းပညာမှ အဆင့်မြင့်ပညာအထိ သင်ကြားသူများ နည်းပါးသွားကြောင်း၊ ထိုသို့ နည်းပါးသွားခြင်းတွင် ပညာသင်ကြားရန်အတွက် ငွေကြေးမတတ်နိုင်သူ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ မိဘအလုပ်အား ကူညီနေရသူ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဝင်ရောက်ကူညီပေးရသူ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းရာခိုင်နှုန်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါ ကိစ္စရပ်များကို အစိုးရအနေဖြင့် ဝင်ရောက်ကူညီဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထား ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထား မြှင့်တင်ပေးရန်လိုကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

**" ပြီးခဲ့တဲ့ (၃) နှစ်လောက်က ပြည်ပကသွင်းတဲ့ မြေဩဇာတွေကြည့်ပါ။ ယူရီးယားနဲ့ ကွန်ပေါင်းနှစ်မျိုးတည်းကို တစ်နှစ်ကို တန်ချိန် တစ်သန်းခွဲလောက် သွင်းရတယ်။ ဒေါ်လာသန်းပေါင်း ၂၈၀ လောက်ကုန်တယ်။ ဒါပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်က ဈေး။ ဒီနှစ်ဈေးနဲ့ဆို မရဘူး။ နှစ်ဆလောက် တက်သွားမယ်။ ၂၈၀ ဆို ၅၆၀ လောက်ဖြစ်သွားမယ်။ စောစောကပြောတဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ နိုင်ငံပိုင်စက်ရုံ (၃) ရုံက (၃) သိန်းပဲ ထုတ်နိုင်တယ်ဆိုတော့ ပြည်ပက သွင်းတာ တစ်သန်းခွဲလောက် သွင်းနေရတယ်။ ဆိုလိုတာက ကျွန်တော်တို့ဆီမှာ ဓာတ်မြေဩဇာတွေ လိုအပ်ချက်ရှိနေတယ်။ ဓာတ်မြေဩဇာကတော့ ဂတ်စ်ကို အခြေခံပြီး ထုတ်ပါတယ်။ ယူရီးယားဓာတ်မြေဩဇာ၊ ဓာတ်မြေဩဇာစက်ရုံတွေ ဆောက်ဖို့လိုပါတယ်"**

### လူနေမှုဘဝကိုမြှင့်တင်ပေး

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံဆောင်ရွက်လျက်ရှိသော်လည်း စိုက်ပျိုးရေးတက္ကသိုလ် တစ်ခု၊ မွေးမြူရေးနှင့် ကုသရေးဆေးတက္ကသိုလ် တစ်ခုသာရှိကြောင်း၊ အချို့ပြည်နယ်နှင့် တိုင်းများတွင်လည်း စိုက်ပျိုးရေးသိပ္ပံများရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးပြည့်စုံအောင် မဖွင့်လှစ်နိုင်သေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရန်အတွက် စိုက်ပျိုးမွေးမြူရေးသိပ္ပံများ ဖွင့်လှစ်ခြင်း၊ ထိုမှတစ်ဆင့် ကောလိပ်များနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် အဓိက လိုအပ်ချက်များရှိသည့် နေရာများတွင် တက္ကသိုလ်အဆင့်အထိ ဆက်လက်တိုးမြှင့် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

### နည်းပညာအရဖောက်ထွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်စွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးရေး တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အဆိုပါကိစ္စရပ်များအား အထိုက်အလျောက် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ မြေဩဇာအသုံးပြုရာတွင်လည်း သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ လိုအပ်ကြောင်း၊ အထွက်နှုန်းတိုးစေရန်အတွက် ကျန်းမာရေးရှုထောင့်က လက်ခံထားသည့် ဓာတ်မြေဩဇာများကိုလည်း အသုံးပြုနိုင်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာများ ရရှိစေရေးအတွက် သဘာဝဓာတ်မြေဩဇာများဖြစ်သည့် Bio Fertilizers များ၊ သစ်ဆွေးမြေဩဇာများ၊ နွားချေး ဝက်ချေးမြေဩဇာများနှင့် အီးအမ်ဘိုကာချီမြေဩဇာများသည် ပြည်တွင်း၌ရရှိနိုင်သည့် နည်းလမ်းဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူရန်လိုအပ်ကြောင်း၊ မိရိုးဖလာမွေးမြူရေး စနစ်များဖြင့် ရောင့်ရဲမနေဘဲ တိုးတက်အောင် နည်းပညာအရ ဖောက်ထွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ စနစ်တကျမွေးမြူနိုင်ရန်အတွက် အစိုးရအနေဖြင့် တိုက်တွန်းပေးခြင်း၊ ကူညီပေးခြင်း၊ ဆွဲတင်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းတိုး၍ ပြည်ပဝင်ငွေများ တိုးတက်လာပြီး သာယာဝပြောသည့် နိုင်ငံတည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

- ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ကာလအတွင်း အကြမ်းဖျင်းအားဖြင့် နိုင်ငံခြားပို့ကုန် သွင်းကုန် လုပ်ငန်းများတွင် နိုင်ငံခြားငွေများ ပိုလျှံမှုရှိ
- မိမိတို့ ချွေတာ၍ရသည့် လုပ်ငန်းများတွင် ယခုထက်ပိုမိုချွေတာမည်ဆိုပါက ယခုထက်ပိုမို၍ ပိုငွေများ ပြလာနိုင်
- ဥပမာအားဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုများ ပမာဏအားဖြင့် များပြားခဲ့သဖြင့် လျှော့ချရန်လို
- ပြည်တွင်းဆီ စားသုံးမှုနှုန်းမှာ မြင့်မားလျက်ရှိပြီး လျှော့ချနိုင်ပါက ကုန်သွယ်မှုပိုငွေများ ယခုထက်ပိုမို များပြားလာမည်ဖြစ်၊ အလားတူ စက်သုံးဆီသုံးစွဲမှုများအား လျှော့ချရန်လို

*စာမျက်နှာ ၃ မှ*

နိုင်ငံတွင်း ဓာတ်မြေသြဇာ လိုအပ်ချက်နှင့် ပတ်သက်၍ ပြောကြားရာတွင် **"ပြည်တွင်းမှာ ဓာတ်မြေသြဇာစက်ရုံ (၅) ရုံရှိတယ်။ ဒီ (၅) ရုံထဲက (၂) ရုံက လောလောဆယ်တော့ နည်းပညာအရ အိုဟောင်းတော့ သက်တမ်းသိပ်ကြာသွားတော့ မလုပ်နိုင်တော့ဘူး။ ကျန်တဲ့ (၃) ရုံနဲ့ ထုတ်နေကြတယ်။ မြေသြဇာကို ကျော်စွာရယ်၊ မြောင်းတကာရယ်၊ ပုသိမ်ရယ် (၃) ရုံရှိတယ်။ ကျော်စွာလည်း ဓာတ်ငွေ့ပြဿနာကြောင့် ရပ်ထားရတယ်။ ထုတ်ဖို့ကြိုးစားနေပါတယ်။ ဒါတောင်မှ အဲဒီစက်ရုံပါပြီးတော့မှ ထုတ်မယ်ဆိုရင် တစ်နှစ်မှ စွမ်းအားပြည့်လည်ရင် (၃) သိန်းလောက်ပဲ ထုတ်နိုင်တယ်။ ကျော်စွာစက်ရုံအပါအဝင် ကျော်စွာရယ်၊ မြောင်းတကာရယ်၊ ပုသိမ်ရယ် (၃) ရုံ ကျွန်တော်တို့ဆီမှာ စောစောကပြောတဲ့ မိုးစပါး (၁၅) သန်း၊ နွေစပါး (၃) သန်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတွေ စိုက်တာတွေ ရှိသေးတယ်။ အများကြီးပဲ။ ဥပမာအားဖြင့် စာရင်းတောင်းကြည့်တာ ရောဝတီမြစ်ဘေးနဲ့ ချင်းတွင်းမြစ်ဘေးမှာစိုက်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဘယ်လောက်ရှိလဲ မေးကြည့်တဲ့ အခါကျတော့ ရောဝတီမြစ်ဘေးနဲ့ ချင်းတွင်းမြစ်ဘေးမှာ မိုးစပါးစိုက်ဧက (၁၀) သန်းနဲ့ (၉) သိန်းရှိတယ်။ (၁၁) သန်းထားပါတော့။ နွေစပါး (၂) သန်းကျော်ရှိတယ်။ အစေ့ထုတ်ပြောင်းက (၄)သိန်းကျော်ရှိတယ်။ ပဲမျိုးစုံ (၉) သန်း ရှိတယ်။ ဆီထွက်သီးနှံပေါင်း (၆) သန်း ကျော်ရှိတယ်။ စက်မှုသီးနှံ (၈) သိန်းကျော်ရှိတယ်။ အားလုံးပေါင်း သန်း (၃၀) လောက် ရောဝတီမြစ်ဘေးနဲ့ ချင်းတွင်းမြစ်ဘေးမှာ စိုက်နေတဲ့ သီးနှံတွေရှိတယ်။ ဒီဟာတွေကို ကျွန်တော်တို့က မြေသြဇာပေးမယ်ဆိုရင် တစ်ဧကကို တစ်အိတ်နှုန်းပဲ ကြည့်ဦး နည်းတာမဟုတ်ဘူး။ ပြီးခဲ့တဲ့ (၃) နှစ်လောက်က ပြည်ပက သွင်းတဲ့ မြေသြဇာတွေကြည့်ပါ။ ယူရီးယားနဲ့ ကွန်ပေါင်းနှစ်မျိုးတည်းကို တစ်နှစ်ကို တန်ချိန်တစ်သန်းခွဲလောက် သွင်းရတယ်။ ဒေါ်လာသန်းပေါင်း ၂၈၀ လောက်ကုန်တယ်။ ဒါပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်က ဈေး။ ဒီနှစ်ဈေးနဲ့ဆို မရဘူး။ နှစ်ဆလောက်တက်သွားမယ်။ ၂၈၀ ဆို ၅၆၀ လောက်ဖြစ်သွားမယ်။ စောစောကပြောတဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ နိုင်ငံပိုင်စက်ရုံ (၃) ရုံက (၃) သိန်းပဲ ထုတ်နိုင်တယ်ဆိုတော့ ပြည်ပက သွင်းတာ တစ်သန်းခွဲလောက် သွင်းနေရတယ်။ ဆိုလိုတာက ကျွန်တော်တို့ဆီမှာ ဓာတ်မြေသြဇာတွေ လိုအပ်ချက်ရှိနေတယ်။ ဓာတ်မြေသြဇာကတော့ ဂတ်စ်ကို အခြေခံပြီး ထုတ်ပါတယ်။ ယူရီးယားဓာတ်မြေသြဇာ၊ ဓာတ်မြေသြဇာစက်ရုံတွေ ဆောက်ဖို့လိုပါတယ်"** ဟု ပြောကြားသည်။

### အကျိုးဖြစ်ထွန်းစေမည်

မြစ်ချောင်းများအနီး စိုက်ပျိုးရေး လုပ်ငန်းများတွင် ရာသီမရွေးစိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည် စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေများ လုံလောက်စွာရရှိပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ရောဝတီမြစ်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အကျိုးရှိစွာ အသုံးချခြင်းမပြုနိုင်ဘဲ ပင်လယ်အတွင်းသို့ စီးဝင်သွားသည်ကို ပညာရှင်များက ထောက်ပြထားကြောင်း၊ အဆိုပါရေများအား မိမိတို့အနေဖြင့် အကျိုးရှိစွာ အသုံးချရန်လိုအပ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ရေချို့ရှားပါးမှု ပြဿနာများရှိကြောင်း၊ ဆည်ရေများကိုလည်း ချွေတာသည့်စနစ်နှင့် လုံလောက်အောင်သုံးသည့် စနစ်တို့ ပေါင်းစပ်ပြီး စိုက်ပျိုးရေး စီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း။

### လေအားလျှပ်စစ်ဓာတ်အားများထုတ်ယူ

မိမိတို့နိုင်ငံတွင် ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့များ ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း သဘာဝဓာတ်ငွေ့များ အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင်လည်း လေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူ၍ရကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ အသုံးချရန် လိုကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ရရှိသောအခြေအနေပေါ်မူတည်၍ Small Scale, Median Scale များကို ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

### အဆင့်မီသည့် အုတ်များ ထုတ်လုပ်

ပြည်တွင်းကုန်ထုတ်လုပ်မှုများအတွက် ဆောင်ရွက်လျက်ရှိသည့် စက်ရုံများတွင် ဓာတ်ငွေ့များ လိုအပ်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့အား ပြည်တွင်း၌ လုံလောက်စွာအသုံးချနိုင်ရေး စွမ်းအင်မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျောက်မီးသွေးများကိုလည်း စနစ်တကျအသုံးချ၍ စက်ရုံများတွင် လိုအပ်သည့် စွမ်းအင်များထုတ်လုပ်နိုင်ရေး အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အဆင့်မီသည့် အုတ်များ ထုတ်လုပ်နိုင်ရေး အတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း။

### စွမ်းအင်နဲ့ပတ်သက်တဲ့မူဝါဒ

ပြည်တွင်း၌ ဘိလပ်မြေနှင့် သံချောင်းများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **"ဘိလပ်မြေစက်ရုံ ပုဂ္ဂလိကပိုင် ၁၆ ရုံ၊ နိုင်ငံပိုင် ၃ ရုံ အားလုံးပေါင်း ၁၉ ရုံရှိတယ်။ သူရဲ့ထုတ်လုပ်နိုင်တဲ့ စက်စွမ်းအားပြည့် ထုတ်မယ်ဆိုရင် ၁၆ သန်းနဲ့ ၁၇၀၀၀၀ ထုတ်နိုင်တယ်။ တချို့က Dry Process ပေါ့၊ တချို့ကလည်း Wet Process နဲ့လုပ်တယ်။ အစိုနည်း၊ အခြောက်နည်းပေါ့။ တကယ်ကတော့ အခြောက်နည်းကတော့ မြန်မာဘက်မှာတော့ အကောင်းဆုံးနည်းလမ်းပါ။ ဘိလပ်မြေစက်ရုံများကိုလည်း Dry Method ကိုပြောင်းကြပါ။ ဒီအတွက် နိုင်ငံတော်ကနေပြီးတော့ ငွေချေးပေးမယ်။ ကျွန်တော် နိုင်ငံခြားငွေ ချေးပေးနိုင်ပါတယ်။ ကျွန်တော် ပြည်ပကနေဝယ်ဖို့အတွက် လိုတဲ့ပိုက်ဆံ ကျွန်တော်တို့ ချေးပေးလို့ရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ ဆောင်ရွက်မယ်ဆိုရင် လုပ်ပေးလို့ရတယ်။ ပြည်တွင်း ဘိလပ်မြေလုပ်ငန်းအားပေးရမယ်။ ၁၆ သန်း ထုတ်နိုင်တယ်။ အခုကျွန်တော်တို့ စာရင်းကောက်ကြည့်တဲ့အခါမှာ ၁၀ သန်းကနေ ၁၁ သန်းလောက် သုံးနေပါတယ်။ ဆိုလိုတာက လုံလောက်မှုရှိတယ်။ ပြည်ပက ဘာမှ ဘိလပ်မြေ သွင်းစရာအကြောင်းမရှိဘူး။ သွင်းတဲ့ဘိလပ်မြေ ဘာလို့သွင်းတာလဲမေးကြည့်တော့ Quality ကောင်းလို့တဲ့။ အဲဒါဆိုကိုယ့်ဆီက ဘိလပ်မြေတွေ Quality ကောင်းအောင်လုပ်ရမယ်။ Standard တစ်ခု ပေးရမှာပေ့ါ။ EU ရဲ့ Standard ဘယ်လောက်လဲ၊ UK ရဲ့ Standard ဘယ်လောက်ရှိလဲ အမေရိကန် Standard ဘယ်လောက်နဲ့ညီရမယ်၊ တရုတ် Standard နဲ့ ဘယ်လောက် ညီရမယ်၊ ဂျပန် Standard နဲ့ ဘယ်လောက်ညီရမယ်။ ဒီ Standard ကို ကျွန်တော်တို့ရဖို့ ဒီစက်ရုံတွေ လုပ်ကိုလုပ်ရမယ်။ မလုပ်ရင် အဲဒီစက်ရုံ ပိတ်မယ်။ ဒီလိုသွားမှ ရမှာပေ့ါ။ မှိန်းလိုက်နေရင်ဘယ်လိုမှကို အလုပ်ဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တစ်နေ့ကလည်း သက်ဆိုင်ရာ ဝန်ကြီးများ၊ ဝန်ကြီးချုပ်များကို ပြောပါတယ်။ ခင်ဗျားတို့နယ်မြေမှာရှိတဲ့ ဥပမာရှမ်းပြည်နယ်တို့၊ မန္တလေးတိုင်းတို့ဆိုရင် ဘိလပ်မြေစက်ရုံတွေရှိတယ်။ နေပြည်တော်ကောင်စီဆိုရင် ဘိလပ်မြေစက်ရုံတွေရှိတယ်။ စစ်ပါ။ ပြီးရင်ခုနကပြောတဲ့ မူဝါဒနဲ့ ဖြစ်အောင်လုပ်ပါ။ အဲဒါဆိုရင် ပြည်ပကနေ ဘိလပ်မြေ တင်သွင်းမှုတွေ လျော့ကျသွားမယ်။ မရှိအောင် လုပ်လို့ရတယ်။ ပြီးတော့ သံချောင်းပေ့ါ။ မြန်မာနိုင်ငံမှာ သံမဏိကုန်ကြမ်းထုတ်နိုင်တဲ့ သံကြမ်းတွေရှိပါတယ်။ လေးနေရာလောက်က စီးပွားဖြစ်ထုတ်လို့ရနိုင်တဲ့ တကယ့်ကိုနှစ်ပေါင်းများစွာထုတ်လို့ရနိုင်တဲ့နေရာတွေရှိတယ်။ လေးနေရာ လောက်ရှိတယ်။ အဲဒီတော့ သံကလည်း အတူတူပဲ ပြည်ပကနေ သံချောင်းတွေ တင်သွင်းနေရတာရှိတယ်။ အဲ့ဒါကြောင့် သံမဏိ စက်ရုံတည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်လိုက်လံအားပေးနေပါတယ်။ ကျွန်တော်တို့က သံချောင်းအသေးလေးတွေနဲ့ ကျေနပ်နေလို့မရဘူး။ ငါးမူးလုံးတို့၊ တစ်ကျပ်လုံးတို့။ ဒီလိုကနေပြီးတော့ မျိုးစုံသွားရမှာပေ့ါ H Beam တို့ I Beam တို့ ထုတ်နိုင်တဲ့အဆင့်တို့၊ တံတားဆောက်နိုင်တဲ့ဟာမျိုး ဒီလိုလေးတွေ ကျွန်တော်တို့သွားရမှာ။ မလုပ်လို့မရဘူး။ ပြည်တွင်းမှာလည်း ကုန်ကြမ်းတွေ ရှိရဲ့သားနဲ့ ကိုယ်ကမလုပ်ဘူး။ ပြည်ပကနေပဲ အကုန်ထိုင်ပြီး သွင်းနေလို့ရှိရင် ဒီတိုင်းပြည်မွဲဖို့ပဲရှိတယ်။ ဒါကြောင့် ဘိလပ်မြေနဲ့ ပတ်သက်တာ ပြည်တွင်းမှာ လုံလောက်စွာထုတ်ဖို့ လုပ်ဆောင်နေပါတယ်။ ဓာတ်မြေသြဇာနဲ့ ပတ်သက်လို့ရှိရင် စက်ရုံအသစ် လုပ်ချင်တဲ့သူတွေ ဓာတ်မြေသြဇာထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေ ပြည်တွင်း ပြည်ပ မည်သူမဆို ကျွန်တော် ဖိတ်ခေါ်ပါတယ်။ ဓာတ်မြေသြဇာထုတ်လုပ်ရေးနဲ့ ပတ်သက်ရင် ဒီအတွက် သွင်းအားစုဖြစ်တဲ့ ကျွန်တော်တို့ Gas နဲ့ လျှပ်စစ်ဓာတ် ရရှိရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ညှိပါမယ်။ ကျွန်တော်တို့က စောစောကပြောတဲ့ လျှပ်စစ်ကိုရအောင်၊ တစ်ဖက်ကလည်း တိုးအောင် လုပ်ဖို့အတွက်လုပ်ပြီးတော့မှ ပြည်တွင်းလိုအပ်ချက်ကို ခုနကပြောတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy ကရအောင် လုပ်နိုင်ရင်။ ဟိုဘက်က Gas ကို ရအောင်လျှော့ပြီး ရတဲ့ဟာကို စက်ရုံ အလုပ်ရုံသုံးမယ်ဆိုရင် ဖြစ်နိုင်တယ်။ ဒါမျိုးတွေကိုလည်း ကျွန်တော်တို့ စဉ်းစားရမှာပေ့ါ။ လွယ်လွယ်ကူကူ။ လွယ်တဲ့နည်းလမ်းတော့ စဉ်းစားလို့မရဘူး။ တိုင်းပြည် ဘယ်လိုတိုးတက်အောင် လုပ်မလဲဆိုတဲ့ စိတ်နဲ့ လုပ်မှရမယ်ဆိုတာလေး ကျွန်တော် ပြောလိုပါတယ်။ အဲဒီတော့ ခုနကပြောတဲ့ စီးပွားရေးနဲ့ ပတ်သက်ရင် ကျွန်တော်စွမ်းအင်နဲ့ ပတ်သက်တဲ့ မူဝါဒလည်းပေးခဲ့ပါတယ်။ သံမဏိနဲ့ ပတ်သက်တာကို ကျွန်တော်ပြောပါတယ်။ သံမဏိ လုပ်မယ်ဆိုရင်လည်း စောစောက ဓာတ်မြေသြဇာ စက်ရုံတွေလိုပဲ သံမဏိစက်ရုံလုပ်မယ်ဆိုလည်း အားပေးပါတယ်။ မည်သည့် တိုင်းရင်းသား လုပ်ငန်းရှင် မဆို၊ မည်သည့်နိုင်ငံမဆို သံမဏိထုတ်လုပ်ရေး နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော် အတတ်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်ပြောလိုပါတယ်"** ဟု ပြောကြားသည်။

### ပြည်တွင်းဆီစားသုံးမှုနှုန်းမှာမြင့်မား

ဆက်လက်ပြီး ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ကာလ အတွင်း အကြမ်းဖျင်းအားဖြင့် နိုင်ငံခြားပို့ကုန် သွင်းကုန် လုပ်ငန်းများတွင် နိုင်ငံခြားငွေများ ပိုလျှံမှုရှိကြောင်း၊ မိမိတို့ ချွေတာ၍ရသည့်လုပ်ငန်းများတွင် ယခုထက်ပိုမိုချွေတာမည်ဆိုပါက ယခုထက်ပိုမို၍ ပိုငွေများ ပြလာနိုင်ကြောင်း၊ ဥပမာအားဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုများ ပမာဏအားဖြင့် များပြားခဲ့သဖြင့် လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းဆီ စားသုံးမှုနှုန်းမှာ မြင့်မားလျက်ရှိပြီး လျှော့ချနိုင်ပါက ကုန်သွယ်မှုပိုငွေများ ယခုထက်ပိုမို များပြားလာမည် ဖြစ်ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုများအား လျှော့ချရန်လိုကြောင်း။

ယင်းနောက် ပို့ဆောင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **"ပို့ဆောင်ရေးနဲ့ပတ်သက်ရင် Public Transportation ကို ကျွန်တော်တို့ အားပေးဖို့လိုတယ်။ မီးရထားတွေ၊ မြို့ပတ်ရထားတွေ၊ ဘတ်စ်ကားလိုင်းတွေ။ ဒါတွေများများ သုံးနိုင်အောင် လုပ်ပါ၊ ဒါကြောင့် ကျွန်တော်အရှုံးခံပြီး ရထားလမ်းတွေ ဖွင့်ခိုင်းပါတယ်။ ဘယ်လောက်ပဲဖျက်ဖျက်ကွာလို့၊ ဘယ်လောက်ပဲဖျက်ဖျက် ရအောင်ဆွဲမယ်ဆိုပြီး ကျွန်တော် လုပ်ပေးနေတယ်။ ရထားလမ်းတွေကိုလည်းရအောင် အဆင့်မြှင့်ခိုင်းနေပါတယ်။**

*စာမျက်နှာ ၅ သို့*

# စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လို

**မိမိတို့တာဝန်ယူသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက် ပေးရန် လိုကြောင်း၊ သွင်းအားစုများအသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့်၊ စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

> **“စီးပွားရေးတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်ပြီး ငွေကြေးတန်ဖိုး ပြောင်းလဲမှုမရှိဘဲ ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်၊ ငွေကြေးတန်ဖိုးကို ထိန်းသိမ်းပြီး ဘဏ်စနစ်တည်ငြိမ်အောင်တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိ၊ ပို့ကုန်များ များစွာတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး သွင်းကုန် ပမာဏထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကာ တိုင်းပြည်စီးပွားရေး တိုးတက် အောင် လုပ်ဆောင်နေ၊ အဓိကအားဖြင့် မိမိတို့ တိုင်းပြည်တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နေကြရန်သာလို”**

*စာမျက်နှာ ၄ မှ*

ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အကျိုးရှိတဲ့ လုပ်ငန်းမို့လို့။ စီးပွားရေးအရကြည့်မယ်ဆိုရင်တော့ အကျိုးမရှိနိုင်ပေမယ့် တိုင်းပြည်အတွက်တော့ အကျိုးရှိတယ်။ Public Transportation ကို ကျွန်တော်တို့က အားပေးဖို့လိုတယ်။ အဲ့ဒီ Public Transportation မှာ လျှပ်စစ်ကို ရအောင်ပြောင်းနိုင်လို့ရှိရင် ဒီထက်ပိုအကျိုးရှိမယ်။ ဒါ့ကြောင့် ကျွန်တော်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် တွန်းအားပေးနေခြင်း ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး လျှပ်စစ်ရထားလမ်းနဲ့ ဆွဲရပါလိမ့်မယ်။ တစ်နိုင်ငံလုံး လျှပ်စစ်ရထားနဲ့ ပြေးရပါလိမ့်မယ်။ တစ်နိုင်ငံလုံး မြို့ပတ်ရထားလမ်းဆို မြို့ပတ်လမ်းအတိုင်းသွားမယ်။ မြို့ပေါ်တွေမှာသုံးတဲ့ ကားတွေက လျှပ်စစ်ကားတွေ ဖြစ်ရမယ်။ ဒီမူဝါဒကို တွက်နေပါတယ်။ အချိန်လေးတစ်ခု တွက်ချက်ပြီးလို့ရှိရင် ကျွန်တော်တို့ ကြေညာပါ့မယ်။ ဘယ်နှစ်မှာတော့ လျှပ်စစ်ကားသုံးတဲ့စနစ်ကို ဘယ်အဆင့်မှာပြောင်းပြီးသားဖြစ်ရမယ်။ Private Use တွေပေါ့ဗျာ။ ကိုယ်ပိုင်ကားတွေ၊ ကားငယ်လေးတွ ဆိုလို့ရှိရင်။ လုပ်ငန်းခွင်သုံးတဲ့ ကားကြီးတွေကတော့ ဖြစ်ကောင်းဖြစ်နိုင်မှာပေါ့လေ။ နည်းပညာအရ အခြားနိုင်ငံတွေမှာ ဖြစ်နေတဲ့အခြေအနေတွေ ကျွန်တော်တို့ ကြည့်ရဦးမယ်။ အခုနကပြောတဲ့ လူစီးကားကတော့ ဖြစ်တယ်။ ဘတ်စ်ကားတွေ ဖြစ်နိုင်တယ်။ ဒီဟာတွေဟာ ဘယ်နှစ်မှာ လျှပ်စစ်စနစ်ကို ပြောင်းရမယ်ဆိုပြီး ကျွန်တော်တို့ လုပ်ရမယ်။ ဒါမှမလုပ်ရင်လည်း ကျွန်တော်တို့ ကျန်ခဲ့လိမ့်မယ်။ ဆီဖိုးနဲ့မွဲလိမ့်မယ်” ဟု ပြောကြားသည်။

### အရည်အသွေးပြည့်မီစွာထုတ်လုပ်

ထို့နောက် စားသောက်ကုန်နှင့် ပတ်သက်၍ ပြည်ပမှ စားသောက်ကုန်များနှင့် သုံးကုန်များအား တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ စားသောက်ကုန်နှင့် သုံးကုန်များအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်လိုပြီး SME များကို အားပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းများအလိုက် စက်မှုဇုန်များနှင့် စက်ရုံများတွင် ဆောင်ရွက်၍ရကြောင်း၊ နည်းပညာများ အသုံးပြု၍ ပြည်တွင်းစားသောက်ကုန်များအား အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်များအား ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်ပသွင်းကုန်များအား တတ်နိုင်သမျှ လျှော့ချဆောင်ရွက်ရန်လိုကြောင်း။

### အားပေးဆောင်ရွက်ရန်လို

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများ များစွာရှိပြီး စိုက်ဧက ၄ သိန်းခန့်ရှိကြောင်း၊ အဆိုပါဝါများကိုလည်း နိုင်ငံတကာအထွက်နှုန်းကို မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်သဖြင့် ဝါစိုက်ပျိုးမှု နည်းပညာမြင့်မားရေးအတွက် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအား အားပေးဆောင်ရွက်ရန်လိုကြောင်း။

### ဒီမိုကရေစီကိုနားလည်လာမည်

မိမိတို့အနေဖြင့် နိုင်ငံရေးအရချမှတ်ထားသည့် မူဝါဒများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး အဓိကအားဖြင့် စီးပွားရေးမြှင့်တင်ရန်နှင့် စည်းကမ်းကောင်းမွန်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်ပေးမှု ဆောင်ရွက်ရာတွင် အခြေခံပညာအား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလယ်တန်းအဆင့်အား ဦးတည်၍ အခြေခံပညာသင်ကြားခြင်းဖြစ်ကြောင်း၊ KG + 9 အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ၊ ဆရာမများ လုံလောက်စွာရှိရေးအတွက်လည်း ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၃ ရာခိုင်နှုန်းအောက် ရရှိသည့်အချိန်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး လိုအပ်သည့် ကာကွယ်ဆေးများ ထပ်မံဝယ်ယူရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများအား ထိန်းချုပ်နိုင်သည့်အချိန်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ပြီး စက်ရုံ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေးမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် အသိပညာ အတတ်ပညာ ပေါကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့် ပတ်သက်သည့် အားနည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှသာ အသိပညာနှင့် အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကို နားလည်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပညာတတ်များ ပေါများစေရေး ပညာရေးမြှင့်တင်မှုကို ဦးစားပေး တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

### လေ့ကျင့်မွေးထုတ်သွားရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့် ပတ်သက်၍ KG + 9 အထိ နိုင်ငံတော်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရန်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စာသင်ကျောင်းများကို အဆင့်မီအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမများ အပြည့်အဝခန့်ထားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဒေသနှင့် ဝေးလံခေါင်သီဒေသများရှိ အခြေခံပညာကျောင်းသားကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ အမှန်တကယ် နားလည်တတ်ကျွမ်းမှု ရရှိစေရေး သင်ကြားပေးရန်လည်းလိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်သွားရန်လိုကြောင်း။

နိုင်ငံတော် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးကြောင်း၊ သိပ္ပံဘာသာရပ်တွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာပညာရှင်များ အရေးကြီးသကဲ့သို့ စီးပွားရေးနှင့် ဥပဒေပညာရှင်များလည်း လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ကျေးလက်စီးပွားရေးမြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေး ပညာရှင်များလိုအပ်ကြောင်း၊ နိုင်ငံရပ်ခြားသို့ ပညာတော်သင်များ များစွာစေလွှတ်နိုင်ပါက နိုင်ငံတော်အတွက် အကျိုးရှိကြောင်း၊ ပညာတော်သင်များကို နေရာချထားရာတွင်လည်း တတ်မြောက်ထားသည့် ပညာရပ်နှင့် ကိုက်ညီသည့် လုပ်ငန်းများတွင် လူမှန်၊ နေရာမှန် တာဝန်ပေး နေရာချထားရန်လိုကြောင်း။

### သမဝါယမစနစ်ကို အခြေခံ

ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထုတ်လုပ်၊ စီမံခန့်ခွဲရောင်းချခြင်းဖြင့် တိုက်ရိုက်အကျိုးစီးပွား ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ကို အခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအတွက် ပြည်တွင်းကုန်ကြမ်းများ မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ပြီး ပြည်ပပို့ကုန် ထုတ်လုပ်နိုင်သည့်အဆင့်အထိ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

ပို့ဆောင်ရေးအတွက်လည်း လမ်းများကောင်းမွန်ရန်လိုကြောင်း၊ ကျေးလက်လမ်းများနှင့် ကုန်ထုတ်လမ်းများ ကောင်းမွန်ရေး အလေးပေးဆောင်ရွက်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အတူ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သည့် ကားလမ်း၊ ရထားလမ်းများ ဖွံ့ဖြိုးတိုးတက်အောင် အလေးပေးဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်ပြီး ငွေကြေးတန်ဖိုး ပြောင်းလဲမှု မရှိဘဲ ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးကို ထိန်းသိမ်းပြီး ဘဏ်စနစ် တည်ငြိမ်အောင် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်များ များစွာတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး သွင်းကုန်ပမာဏ ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကာ တိုင်းပြည်စီးပွားရေး တိုးတက်အောင် လုပ်ဆောင်နေကြောင်း၊ အဓိကအားဖြင့် မိမိတို့ တိုင်းပြည်တိုးတက်အောင် လုပ်ကိုင် ဆောင်ရွက်နေကြရန်သာလိုကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းများအပေါ် ကြိုတင်မျှော်တွေး၍ ကြပ်ကြပ်မတ်မတ်ဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ခံ့ပံ့ မခံ့ပံ့

ရဲဇာနည်

*ယမန်နေ့မှအဆက်*

**သားဖြစ်သူကိုစောင့်မျှော်**

ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦးသည် သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရပြီး ဗကပမြေအောက်လုပ်ငန်းများ ဆောင်ရွက်နေခဲ့ရာမှ ၁၉၆၄ ခုနှစ်တွင် တောခိုခဲ့ပါသည်။ ထိုတောခိုကျောင်းသားသည် ပါတီလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်သဖြင့် ဗကပဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ သခင်သန်းထွန်းက ပါတီ၏ အမြုတေဖြစ်သော ကျောရိုးတပ်နီ လူငယ်အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့ပါသည်။ အခြားလူငယ်များက လက်သီးလက်မောင်းတန်း၍ ကြွေးကြော်သံများ ပေးကာ ထောက်ခံအားပေးခဲ့ကြပါသည်။ သို့ရာတွင် ၁၉၆၈ ခုနှစ် ဖြုတ်ထုတ်သတ်စီမံကိန်းတစ်ခုတွင် ဖောက်ပြန်ရေးသမားတို့၏ ဂိုဏ်းဝင်တစ်ဦးအဖြစ် ခုံရုံးတင်ကာ လည်မျိုကို ဝါးရင်းတုတ်ဖြင့် ရိုက်ကြပါသည်။ မသေမရှင်တွင် လည်ပင်းကို ဓားနှင့်လှီးဖြတ်၍ ထွက်လာသည့် လည်ချောင်းသွေးဖြင့် ခြေဆေးကြပါသည်။ ထိုအချိန်တွင် နိုင်ငံကျော်စာရေးဆရာမကြီးတစ်ဦးသည် သားဖြစ်သူကို အောင်မြင်မှု သရဖူဆောင်းလျက် ပြန်လာလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်ဟု အခြားစာအုပ်တစ်အုပ်တွင် ဖတ်ရပါသည်။

ထိုအကြောင်းအရာတို့သည် စာအုပ်များက ပြောသော စကားများဖြစ်၍ မှန်ကန်လိမ့်မည်ဟု တစ်ထစ်ချ မယုံကြည်လိုပါ။ သို့ရာတွင် ကိုယ်တွေ့ကြုံခဲ့ရသည်တို့ကို ရေးသူက ရေးခဲ့သည်။ လွတ်မြောက်နယ်မြေဆိုသည်ကို သွားသူက သွားခဲ့သည်။ တရားဥပဒေသက်ရောက်မှု မရှိဟုဆိုသော်လည်း မတရားမှုဖြင့် လူ့အသက်တစ်ချောင်းကို စီရင်ခဲ့ကြသည်။ မိခင်ကြီးကလည်း မျှော်လင့်ချက်ကြီးစွာဖြင့် သားဖြစ်သူကို စောင့်မျှော်နေခဲ့သည်။ ထိုအကြောင်းအရာအားလုံး ဇာတ်လမ်းအဖြစ် မှတ်ယူသည်ထားဦး၊ သားဖြစ်သူ ပြန်ရောက်မလာတော့ခြင်းကား အမှန်တကယ်ဖြစ်ခဲ့ပါသည်။ ဆက်စပ်စဉ်းစားကြည့်လျှင် မည်မျှရင်နာဖွယ်ကောင်းလိုက်ပါသနည်း။ သင်ခန်းစာယူစရာလည်း ကောင်းလှပေသည်။

**ထုတ်ပြန်ကြေညာထားရှိ**

မူရင်းအကြောင်းအရာကို ဆက်ရမည်ဆိုလျှင် CRPH သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ၎င်းတို့အား ထောက်ခံသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများဖြင့် NLD နိုင်ငံရေးအစွန်းရောက်များ၊ မသိနားမလည်သည့် လူငယ်များကို သွေးဆောင်စည်းရုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) အဖွဲ့များဖွဲ့စည်းကာ နိုင်ငံအတွင်း လက်နက်ကိုင်တိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်လာခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် CRPH ကို မတရားအသင်းအဖြစ် ကြေညာကာ ယင်းကဖွဲ့စည်းသည့် NUG ၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

ထိုအကြမ်းဖက်အုပ်စု CRPH ၊ NUG၊ PDF တို့သည် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်၍ အကြမ်းဖက်လုပ်ရပ်များ အစဉ်တစိုက် လုပ်ကိုင်နေကြသည်ကို တွေ့ရပါသည်။ အကြမ်းဖက်အုပ်စုများသည် မည်သည့်နေရာ၊ မည်သည့်အရာ၊ မည်သူကို အကြမ်းဖက် တိုက်ခိုက်ရမည်ကို Social Media များမှတစ်ဆင့် တိုက်တွန်းခြင်း၊ နပ်ကြောင်းပေးခြင်း၊ ဆော်ဩခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ ပြုလုပ်၍ ဆောင်ရွက်နေကြပါသည်။

အကြမ်းဖက်အုပ်စု PDF တို့၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ အောက်တိုဘာလ ၁၂ ရက်အထိ အကြမ်းဖက်မှု ကိန်းဂဏန်းများကို အကြောင်းအရာ အလိုက်ခွဲခြား၍ ဖော်ပြလိုပါသေးသည်။

**PDF တို့၏ သတ်ဖြတ်လုယက်မှုများ**

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ အောက်တိုဘာလ ၁၂ ရက်အထိ အကြမ်းဖက်အုပ်စု PDF တို့၏ သတ်ဖြတ်မှုကြောင့် ကျား ၁၅၈ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၁၈၂ ဦး သေဆုံးကာ လုယက်ခံရမှု (၈) ကြိမ်ဖြစ်ပွားခဲ့ပါသည်။ သတ်ဖြတ်မှုများတွင် ရဟန်းသံဃာများ၊ ကလေးသူငယ်များ၊ အငှားယာဉ်မောင်းသူများနှင့် အနေးယာဉ်မောင်းသူများလည်း ပါဝင်ပါသည်။ သတင်းပေးဒလန်ဟု အကြောင်းပြ သတ်ဖြတ်သော်လည်း တပ်မတော်ကို ထောက်ခံသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ NLD ပါတီဝင်မဟုတ်သူများ၊ အခြားပါတီဝင်များ၊ သဘောထား မတိုက်ဆိုင်သူများ၊ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ယခင်ရန်ငြိုးရန်စရှိသူများ၊ ပြည်သူလူထုနှင့် များများထိတွေ့ဆက်ဆံရသည့် နိုင်ငံ့ဝန်ထမ်းများ၊ ငွေနှင့်ပစ္စည်းရလိုမှုဖြင့် သတ်ဖြတ်မှုများလည်းပါဝင်ပါသည်။

ယခုနောက်ပိုင်းတွင် လူသတ်ရာ၌ အမျိုးသမီးများကို အုပ်စုဖွဲ့မုဒိမ်းကျင့်သတ်ဖြတ်မှုမျိုးကိုပါ ကျူးလွန်လာကြသည်ကို တွေ့ရပါသည်။ လုယက်မှုဆိုရာ၌လည်း ဘဏ်ဓားပြတိုက်မှု၊ လူသတ်၍ ပစ္စည်းနှင့် ငွေကိုရယူမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဟန်ဆောင်၍ လက်ဝတ်ရတနာများရယူမှု၊ သေနတ်ပစ်ဖောက်၍ မော်တော်ယာဉ်အား အပိုင်စီးမှုစသည့် နည်းမျိုးစုံဖြင့် ပြည်သူလူထုကို ဒုက္ခပေးလျက်ရှိကြောင်း တွေ့ရပါသည်။

**ဗုံးဖြင့်ပစ်ခတ်မှု၊ တိုက်ခိုက်မှု၊ မီးရှို့မှုနှင့် တာဝါတိုင်ဖောက်ခွဲဖျက်ဆီးမှုများ**

အကြမ်းဖက်အုပ်စု PDF မှ ဖော်ပြပါကာလအတွင်း လက်ပစ်ဗုံး/လက်လုပ်ဗုံးဖြင့် ပစ်ခတ်မှုအရေအတွက်မှာ စာသင်ကျောင်းများသို့ ၂၃၈ လုံး၊ ဌာနဆိုင်ရာရုံးများသို့ ၅၄၆ လုံး၊ အခြားနေရာများသို့ ၂၃၉၃ လုံးဖြစ်ပါသည်။ တိုက်ခိုက်မှု အကြိမ်အရေအတွက်မှာ တပ်မတော် လုံခြုံရေးနေရာများသို့ အကြိမ် ၄၀၊ ရဲစခန်းများသို့ ၂၃၃ ကြိမ်၊ လမ်းကြောင်းများသို့ ၇၇ ကြိမ်နှင့် အခြားနေရာများသို့ အကြိမ် ၁၃၅၀ ဖြစ်ပါသည်။ မီးရှို့မှုများမှာ စာသင်ကျောင်း ၉၁ ကျောင်း၊ ခရိုင်/မြို့နယ်/ရပ်ကွက် / ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ၁၀၁ ရုံး၊ ဌာနဆိုင်ရာရုံး ၇၆ ရုံး၊ ရဲစခန်း ၁၀၉ ခုနှင့်အခြား ၂၈၇ နေရာတို့ဖြစ်ပါသည်။ တာဝါတိုင်ဖောက်ခွဲဖျက်ဆီးမှုများမှာ အစိုးရပိုင် လျှပ်စစ်တာဝါတိုင် သုံးတိုင်၊ MPT ၁၉ တိုင်၊ Mytel ၂၇၅ တိုင်၊ Telenor ၁၃ တိုင်၊ Ooredoo ၁၀ တိုင် စုစုပေါင်း ၃၁၇ တိုင်ဖြစ်ပါသည်။

**အကြမ်းဖက်အုပ်စု PDFတို့ထံမှ သိမ်းဆည်း/ဖမ်းဆီးရမိမှု**

အကြမ်းဖက်အုပ်စု PDF တို့ထံမှ RPG/ M79 ၆၁ လက်၊ ပစ္စတို/မောင်းပြန်သေနတ်အလက် ၇၅၀ ၊ တူမီး ၃၁၄၅ လက်၊ လက်လုပ်အမြောက် ၄၈ လက်၊ လက်လုပ်သေနတ် ၉၅၆ လက်၊ လေသေနတ် ၁၂၅၂ လက်၊ Gas သေနတ်အလက် ၉၀၀ ၊ လက်ပစ်ဗုံး ၁၅၆၉ လုံး၊ လက်လုပ်ဗုံး/မိုင်း ၈၃၀၄ လုံးနှင့် အခြားလက်နက် ၁၉၁၇၉၁ ခုတို့ကို သိမ်းဆည်း/ဖမ်းဆီးရမိခဲ့ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အကြမ်းဖက် အုပ်စု PDF တို့၏ အကြမ်းဖက်မှုနှင့် သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များကို တိကျစွာ ဖော်ပြရခြင်းမှာ အကြမ်းဖက်မှုကို ဦးဆောင်ညွှန်ကြားနေသူများ၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေသူများနှင့် အားပေးအားမြှောက်ထောက်ခံ ထောက်ပံ့နေကြသူများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် မည်သည့် အကြမ်းဖက်မှုများကို မည်မျှကျူးလွန်နေကြကြောင်းကို ပေါ်လွင်စေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံးက သတိပြုနိုင်ကြစေရန် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟု အမည်နှင့်ဖွဲ့စည်းထားသည့် အဖွဲ့များ၏ လုပ်ဆောင်ချက်များသည် အမည်နှင့်လိုက်ဖက်မှုရှိ/မရှိ လေ့လာသုံးသပ်နိုင်ကြစေရန်လည်း ဖြစ်ပါသည်။

**အသက်ကိုပင် မငဲ့ကွက်နိုင်တော့**

ဤနေရာတွင် အလျဉ်းသင့်၍ ကြားညှပ် ပြောရပေဦးမည်။ စောအယ်ကော်၊ မန်းစံမင်း၊ ရဲဘော်ဘခက်၊ ရဲဘော်မြနှင့် ရဲဘော်သံဒိုင်တို့ရေးခဲ့ကြသည့် “ပြည်သူ့စစ် ဒို့စစ် ဒို့စစ်” စာအုပ်တွင် ၁၉၆၇/၆၈ ခုနှစ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဗကပနှင့် မဒညတအဖွဲ့ဝင် KNU တို့၏ အာဏာနီတည်ဆောက်ရေးနှင့် အခြေခံနယ်မြေတည်ဆောက်ရေး အကြောင်းပြလျက် ရွာလုံးကျွတ်မီးရှို့၊ လူသတ်၊ ပစ္စည်းဥစ္စာတို့ကို မတရားသိမ်းပိုက်၊ ပြည်သူလူထုအပေါ် တရားလက်လွတ် သောင်းကျန်းမှုများ ပြုခဲ့ကြသည်ကို တွေ့ရပါသည်။ နောက်ပိုင်းတွင် နီးရာဓားကို ကြောက်ရပါသည်ဆိုသော ပြည်သူလူထုသည် သောင်းကျန်းသူများ၏ အဓမ္မလုပ်ရပ်များကို မခံမရပ်နိုင်ဖြစ်ကာ မိမိအသက်ကိုပင် မငဲ့ကွက်နိုင်တော့ဘဲ တပ်မတော်နှင့် လက်တွဲ၍ သောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းအောင်ပွဲဆင်ခဲ့ကြသည်ကို တွေ့ရပါသည်။ အတုယူဖွယ်ကောင်းလွန်းသည့် သင်ခန်းစာဖြစ်ပါပေ၏။

လူတို့သည် ပင်ကိုအားဖြင့် လွတ်လပ်စွာ နေထိုင်လိုကြ၏။ လုံခြုံမှုကို လိုလားကြ၏။

တည်ငြိမ်အေးချမ်းမှုကို မြတ်နိုးကြ၏။ ထိုလွတ်လပ်မှု လုံခြုံမှု တည်ငြိမ်အေးချမ်းမှုတို့ ဆုံးရှုံးခဲ့လျှင်လည်း အတိုင်းအတာတစ်ခုအထိ သည်းခံ၍ တစ်ချိန်ချိန်တွင် တစ်နည်းနည်းဖြင့် ပြန်လည်ရယူတတ်ကြ၏။ သို့ဖြစ်၍ လူသားဆန်သည့်လူတို့နေထိုင်လျက်ရှိသော နယ်မြေဒေသတစ်ခုသည် မည်သည့်အခါမျှ ဆိုခဲ့သည့်လွတ်မြောက်နယ်မြေမျိုး ဖြစ်မလာနိုင်သည်ကို အာမခံနိုင်၏။ သို့ဆိုလျှင် အဖြူရောင်တွင် အမည်းစက်သည် အလိုလို ထင်ရှား၍ နေပေလိမ့်မည်။ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်အုပ်စု CRPH၊ NUG၊ PDF တို့၏ အကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်ကို မည်မျှအထိ သည်းခံခဲ့ကြပြီးပြီနည်း။ မည်မျှအထိ သည်းခံနေကြဦးမည်နည်း။ ထိုမေးခွန်းတို့ကို အချိန်အခါနှင့် အကြောင်းတိုက်ဆိုင်မှုတို့က တာဝန်ယူ၍ ဖြေရှင်းပေးပေလိမ့်မည်။

**❑ အကြမ်းဖက်အုပ်စု CRPH၊ NUG၊ PDF တို့သည် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်၍ အကြမ်းဖက်လုပ်ရပ်များ အစဉ်တစိုက် လုပ်ကိုင်နေကြသည်ကို တွေ့ရပါသည်။ အကြမ်းဖက်အုပ်စုများသည် မည်သည့်နေရာ၊ မည်သည့်အရာ၊ မည်သူကို အကြမ်းဖက်တိုက်ခိုက်ရမည်ကို Social Media များမှ တစ်ဆင့် တိုက်တွန်းခြင်း၊ နပ်ကြောင်းပေးခြင်း၊ ဆော်ဩခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ ပြုလုပ်၍ ဆောင်ရွက်နေကြ**

**သင်ခန်းစာရဖို့လည်း ကောင်း**

ဤအကြောင်းအရာကို ဆရာကြီးမောင်သာရရေးသားခဲ့သည့်“ကျဉ်တုတ်ခံ့ပံ့ မခံ့ပံ့” ဟူသည့် ဖြစ်ရပ်မှန်နောက်ခံလုံးချင်းဝတ္ထု၏ နိဒါန်းပိုင်းနှင့် နိဂုံးပိုင်း စာပိုဒ်လေးနှစ်ပိုဒ်ကို ကိုးကား၍ အဆုံးသတ်လိုပါသည်။ ဝတ္ထုတစ်ပုဒ်လုံး၏ နိဒါန်းပိုင်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း စာပိုဒ်လေးတစ်ပိုဒ်မျှဖြင့် အစချီထားပါသည်။

“မင်းမှာလုပ်ချင်၏၊ တင်းကုပ်မှာ အချုပ်ခံ့ပံ့ မခံ့ပံ့။
ပဲဟင်းကို ရှုပ်ချင်၏၊ နှုတ်ခမ်းမွေးကို အနုတ်ခံ့ပံ့ မခံ့ပံ့။
မှိုနှင့် မျှစ်ကိုနုတ်ချင်၏၊ ကျဉ်တုတ်ခံ့ပံ့ မခံ့ပံ့။
(ကျည်းကန်ရှင်ကြီး မေတ္တာစာ)”

ဆရာကြီးသည် ဝတ္ထုတစ်ပုဒ်လုံးကို ၁၉၅၃ ခုနှစ် မန္တလေးတက္ကသိုလ်ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ကြသည့် ကျောင်းသားခေါင်းဆောင်ငါးယောက်၏ ဖြစ်ရပ်မှန်ကို ဇာတ်လမ်းဆင်၍ ရေးသားထားပါသည်။ ဇာတ်ကောင် ငါးယောက်၏သပိတ်တိုက်ပွဲတွင် တက်ကြွစွာ ဦးဆောင်လှုပ်ရှားမှုများ၊ ချုပ်နှောင်စစ်ကြောခံရပုံများကို ဝေဝေဆာဆာ ပုံဖော်ထားပါသည်။ သို့ရာတွင် လူ့ဘဝ၏အဓိကလိုအပ်ချက်မှာ နိုင်ငံရေးမဟုတ်၊စားဝတ်နေရေးသာဖြစ်သည့်အတွက် ထောင်မှလွတ်လာသည့်အခါ ငါးယောက်အနက် တစ်ယောက်မှအပ ကျန်လေးယောက်မှာ နိုင်ငံရေးကို လုံးဝစွန့်လွှတ်၍ တစ်ဝမ်းတစ်ခါးရှာဖွေစားသောက်ကြရပုံများကို ဝတ္ထုအဆုံးပိုင်း၌ သရော်စာသဖွယ် ရေးသားဖော်ပြထားပါသည်။

နိဂုံးပိုင်းမှာလည်း နိဒါန်းပိုင်းကဲ့သို့ပင် စာပိုဒ်လေးတစ်ပိုဒ်မျှဖြင့် အဆုံးသတ်ထားပါသည်။

“ မှန်သည်။ မနေ့ကနှင့် သည်ကနေ့ကို ပေါင်း၍ကြည့်လိုက်တော့ လောကသည် ရယ်ဖို့လည်း ကောင်းသည်။ သင်ခန်းစာရဖို့လည်းကောင်းသည်။ အံ့ဖို့လည်းကောင်းသည်။ မောင်သာရ”
ဟူ၍ဖြစ်ပါသည်။

ဆရာကြီးသည် ဝတ္ထုခေါင်းစဉ်ရွေးရာတွင် ကျည်းကန်ရှင်ကြီးမေတ္တာစာ စာပိုဒ်ထဲမှ အသင့်လျော်ဆုံးစာသားကို ရှာဖွေတွေ့ရှိခဲ့မည် ထင်ပါသည်။ သို့ရာတွင် ထိုစာသားကို အသုံးပြုလိုက်လျှင် တိုက်ရိုက်တည့်တိုးကြီးဖြစ်နေ ၍ ရိုင်းရာကျမည်စိုး၍လား၊ လိမ္မာယဉ်ကျေးပြီး ပဟေဠိဆန်စေလို၍ ယခုအသုံးပြုသည့်စာသားကို ရွေးချယ်ခဲ့လေသလား၊ ဆရာကြီး၏ ရည်ရွယ်ချက်ကို မခန့်မှန်းနိုင်ပါပေ။ စာရေးသူအနေဖြင့်လည်း ဤဆောင်းပါးခေါင်းစဉ်အတွက် မည်သည့် ရည်ရွယ်ချက်ဟု ကိုယ်တိုင်ဝေခွဲရန် ခက်ခဲလျက်နှင့်ပင် ကျည်းကန်ရှင်ကြီးမေတ္တာစာမှ စာသားတစ်ခု ကောက်ယူသုံးစွဲမိပြန်ပါသည်။ ။

# ပုဂံခေတ် အမျိုးသား၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုး ရောင်းချပေးမည်




**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထားလေ့လာမှတ်သားနိုင်စေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ **ပုဂံခေတ် အမျိုးသား၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့်** အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုးအား အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် အောက်တိုဘာ ၂၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။

ဆက်လက်၍လည်း အင်းဝခေတ် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






# အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြိမ် (၂၀)မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (ASLOM)ကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပလျက်ရှိသည်။ အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌအနေဖြင့် တက်ရောက်ပြီး ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပြီး အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့် ဥပဒေအရာရှိကြီးများလည်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က (၁၉) ကြိမ်မြောက် ASLOM အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေးအပေါ် ဗဟိုအာဏာပိုင်အဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOM-MLAT)နှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့များ၏ အာဆီယံဝန်ကြီးများ/ ရှေ့နေချုပ်များ အစည်းအဝေး(AMAG-MLAT)နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို အတည်ပြုနိုင်ခဲ့ကြောင်း၊ ယင်းကိစ္စရပ်များသည် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (ASLOM)၏ ဆောင်ရွက်ချက်များအနက် အောင်မြင်မှုဖြစ်ပါကြောင်း၊ တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြေလက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း အပါအဝင် အာဆီယံကဏ္ဍအသီးသီးမှ ကျင်းပခဲ့သည့် များစွာသော အစည်းအဝေးများတွင် ပါဝင်ခဲ့ပါကြောင်း ဆွေးနွေးပြောကြားပြီး (၁၉)ကြိမ်မြောက် ASLOM အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အကြိမ် (၂၀)မြောက် ASLOM အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် မလေးရှားနိုင်ငံ ရှေ့နေချုပ်ရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံတရားခံလွှဲပြောင်းရေးသဘောတူစာချုပ်၏ ဖြစ်ပေါ်တိုးတက်မှုကိစ္စ၊ အာဆီယံအစိုးရဥပဒေအရာရှိများနှင့် စပ်လျဉ်းသည့်ကိစ္စ၊ အာဆီယံဥပဒေသတင်းအချက်အလက်ဆိုင်ရာ အာဏာပိုင်အဖွဲ့နှင့် စပ်လျဉ်းသည့်ကိစ္စ၊ ASEAN Government Law Directory၊ အာဆီယံကုန်သွယ်ရေးဥပဒေ လိုက်လျောညီထွေဖြစ်စေရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြစ်ကျတရားခံ အပြန်အလှန်လွှဲပြောင်းပေးရေးကိစ္စ၊ ပြစ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုတရားစီရင်ရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားမနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စပ်လျဉ်းသည့်ကိစ္စ၊ အာဆီယံဥပဒေပညာရှင်များအသင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေးစာချုပ်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တစ်ရက်လျှင် ရေဂါလန် ၃ ဒသမ ၇၅ သန်း သန့်စင်ပေးဝေနေသည့် ရန်အောင်မြင် သဲရေစစ်ကန် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့ နံနက်ပိုင်းက ရန်အောင်မြင်ဆည်ရေ အရင်းအမြစ်မှ ရေကိုယူ၍ သောက်သုံးရေ ပေးဝေလျက်ရှိသော ရန်အောင်မြင် သဲရေစစ်ကန်သို့ သွားရောက်စစ်ဆေးခဲ့ရာ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးက တစ်ရက်လျှင် ရေဂါလန် ၃ ဒသမ ၇၅ သန်း သန့်စင်ပေးဝေနေသည့် ရန်အောင်မြင် သဲရေစစ်ကန်မှ ပိတောက်အိမ်ရာ၊ ဘောဂသိဒ္ဓိရပ်ကွက်ရှိ သဇင်ဆောင်များနှင့် သပြေဆောင်များ၊ ဥဒ္ဒေါသိဒ္ဓိရပ်ကွက်များသို့ သန့်ရှင်းသည့်ရေများ လုံလောက်စွာ ဖြန့်ဝေပေးနေမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ရန်အောင်မြင်ဆည် အတွင်း၌ရှိသော Timber Decking Gazebo သို့ သွားရောက်၍ အများပြည်သူ အပန်းဖြေနိုင်စေရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရန်နှင့် ရန်အောင်မြင် ရေထိန်းမျှော်စင်သို့ ရေဝင်ရောက်မှု၊ ရေထိန်းမျှော်စင်မှ Gravity Flow ဖြင့် တုံ့ဂပူရိရေစုကန်သို့ ပေးပို့ပြီး ကျောက်မျက် သဲရေစစ်ကန်မှတစ်ဆင့် ထန်းတပင်ရပ်ကွက်၊ ရွှေကြာပင်ရပ်ကွက်၊ ကျောက်မျက် အလုပ်ရုံများနှင့် စည်ပင်ဧည့်ရိပ်သာသို့ သောက်သုံးရေ ပို့လွှတ်နေမှုနှင့် ဆည်၏ ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ဆင်အုံကန်မှ ရန်အောင်မြင်ဆည်သို့ ရေကူးရေတင် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး လုပ်ငန်းအရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ဘူးသီးတောင် အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘူးသီးတောင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအေးမောင်သိန်းနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် ရန်အောင်မြေ တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းရှိ သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘူးသီးတောင်မြို့နယ်ရုံးမှဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သူ ၁၆ ဦး၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ သုံးဦး၊ လဲလှယ်/ပျောက်ပျက် မိတ္တူ ၁၄ ဦး စုစုပေါင်း ၃၃ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ငါးခုတို့အား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှကျော်(ပြန်/ဆက်)

✻ *ကျောဖုံးမှ*

ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖိတ်ကြားလာခြင်းသည် အာဆီယံ ပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသကဲ့သို့၊ အာဆီယံ၏ လုပ်ထုံးလုပ်နည်းနှင့် အစဉ်အလာမှလည်း သွေဖည်နေပါသည်။ ထို့အပြင် အစည်းအဝေးတက်မည့် မြန်မာကိုယ်စားလှယ်၏ အဆင့်အတန်းကိုနှိမ့်ပြီး ဖိတ်ကြားခြင်းနှင့် အစည်းအဝေးများ၌ ဆွေးနွေးရာတွင် ကန့်သတ်မှုများထားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်-၅ နှင့်လည်း ကိုက်ညီမှု မရှိကြောင်း တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည့် (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံ့အကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲ သို့မဟုတ် နိုင်ငံ့အကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်က ပါဝင်တက်ရောက်နိုင်ရေးကိုသာ မြန်မာနိုင်ငံက လက်ခံမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းပြန်ထားပြီးဖြစ်ပါသည်။

အာဆီယံအစည်းအဝေးများ တက်ရောက်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် မြန်မာနိုင်ငံတို့အကြား အမြင်မတူမှုများ၊ အာဆီယံ ပဋိညာဉ်စာတမ်းပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်အချို့အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန်အတွက်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲသဘော တူညီချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်

# Online မှ e-Visa (Business) ရယူထားသူများအနေဖြင့် Online ဖြင့် e-Stay Extension နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းစဉ်များ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် e-Visa website (https://evisa.moip.gov.mm)ကို ၂၀၁၄ ခုနှစ် ၊စက်တင်ဘာလ(၁) ရက်မှ စတင်၍ တရားဝင်လွှင့်တင်ထားရှိပြီး ကမ္ဘာလှည့်ဗီဇာ (Tourist Visa)နှင့် လုပ်ငန်းဗီဇာ (Business Visa) ထုတ်ပေးခြင်းတို့ကို Electronic System ဖြင့် ခွင့်ပြုပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်စေရန်အတွက် e-Visa website မှ Onlineဖြင့် လျှောက်ထားရယူထားသည့် e-Visa(Business)ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသားများအတွက် နေခွင့်သက်တမ်းတိုးခြင်း (Stay Extension) နှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာ (Re-entry Visa) တို့ကို Online မှ လျှောက်ထားနိုင်ရန် e-Stay Extension website (htpps://estay. moip.gov.mm)ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်မှ စတင်ကာ တရားဝင်လွှင့်တင်ရန် စမ်းသပ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

e-Visa (Business) ရယူထားပြီး Online e-Stay Extension လျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ နိုင်ငံခြားသားများရေးရာဌာန၊ ရုံးအမှတ် (၄၈) နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၅၁၅ သို့ လည်းကောင်း၊ အမှတ်(၁၁၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ရှိ နေခွင့်ပြည်ပြန်ဝင်ခွင့်ဌာနစိတ်၊ တယ်လီဖုန်းအမှတ် ၀၁-၈၃၇၂၉၀၃ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှု မရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ငါးခုမှ ယာဉ်စီးရေ ၁၁ စီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၅၃၀၊ Oxygen Plant တစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) အခု ၁၀၀၀၊ PPE ဝတ်စုံ ၄၁၂၅၀၊ လက်အိတ် ၁၀ တန်နှင့် နှာခေါင်းစည်း(Mask) တန် ၃၀ တို့ကို တင်သွင်းခဲ့ပြီး Oxygen Plant တစ်ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **သတင်းစဉ်**







# လူ့အဖွဲ့အစည်းအတွင်း လူမှုရေးပြဿနာများအား ထိရောက်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေး Generic Social Work သင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၅

**Generic Social Work သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခုဖွင့်လှစ်သော သင်တန်းသည် တစ်နေ့လျှင် နှစ်နာရီဖြင့် သုံးပတ်တာကာလ သင်ကြားပို့ချပေးမည်ဖြစ်သည့်အတွက် မိမိတို့ လုပ်ကိုင်နေသော လုပ်ငန်းများလည်း မပျက်ကွက်ဘဲ သင်တန်းတက်ရောက်ရသည်မှာ လွန်စွာကောင်းမွန်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရှိသော ဝန်ထမ်းများကိုလည်း Mobile Team ကဲ့သို့ ပို့ချနိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် Capacity Building သည် အလွန်အရေးကြီးပါကြောင်း၊ အခြားအဆင့် ဝန်ထမ်းများအားလုံးကိုလည်း မိမိတို့ဌာန၏ လုပ်ငန်းများကို On-Job Training အနေဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း၊ သို့မှသာ အဖွဲ့တစ်ဖွဲ့တွင် လုပ်ငန်းကျွမ်းကျင်သူများများရှိပါက အားလုံးမျှတ လုပ်ကိုင်ကြသည့်အတွက် လူတိုင်းလူတိုင်းမှာ သက်သက်သာသာရှိပြီး တစ်ဦးတစ်ယောက်တည်းတွင် ဝန်မပိတော့ဘဲ Stress များ လျော့နည်းကာ လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လူမှုရေးပြဿနာများအား ပြန်လည်ကုစားရေးဆောင်ရွက်ရာတွင် Social Worker များတွင် အရည်အသွေး၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ ဆင်ခြင်တုံတရားစသည့် အရည်အချင်းများ ရှိရမည်ဖြစ်ကြောင်း၊ သက်ရှိလူသားတို့၏ ပြဿနာကို ဖြေရှင်းခြင်းဖြစ်သည့်အတွက် ပြဿနာ၏ Nature, Practice, Behavior တို့ကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ လူမှုရေး ပြဿနာများဖြေရှင်းရာတွင် ပုံသေသတ်မှတ်ချက် မရှိပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၅ ဦးဖြင့် ယနေ့မှ နိုဝင်ဘာ ၁၂ ရက်အထိ သုံးပတ်ကြာဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းတက်ရောက်ခြင်းအားဖြင့် လူမှုရေးပညာ အခြေခံသဘောတရားများအား ပိုမိုသဘောပေါက်လာစေပြီး လူ့အဖွဲ့အစည်းအတွင်း လူမှုရေးပြဿနာများအား ထိရောက်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သား ဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၁ ဒသမ ၈၁ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မြစ်သားမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၆၂ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ အောင်လံမြို့တွင် ဝ ဒသမ ၅၄ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် မြိတ်မြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကျုံပျော်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်



**ကျုံပျော် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ ရက်က ကျုံပျော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ပြုလုပ်သော ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖရှေးဦးစွာ ဝန်ကြီးချုပ်က ပန်းခင်းစီမံချက် ဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူတစ်ဦးချင်းထံနှင့် တာဝန်ခံကိုယ်စားလှယ်များထံသို့ ပေးအပ်ခဲ့ရာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့ ပန်းခင်းစီမံချက်ပေးအပ်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးက စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၂၄ ရက်နေ့အထိ ကျုံပျော်မြို့နယ်အတွင်းရှိ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၁၅ အုပ်စုတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အသက် ၁၆ နှစ်မှ အသက် ၁၈ နှစ်ကြား ၇၈၀၊ အသက် ၁၈ နှစ်အထက် ၄၁၈ ဦး၊ လဲလှယ် ၉၅ ဦး၊ မိတ္တူ ၁၉၇ ခု စုစုပေါင်းနိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၄၉၁ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၂၀ တို့ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ သုံးခုမှ အိမ်သုံးဆေးဝါး ၅၆ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ယနေ့တွင် ၄၈ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွှေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

## ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ကြီးမှူး၍ မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ကြီးမှူးပြီး ဝန်ထမ်းများအား မိုဘိုင်းဖုန်း (Hardware & Software)ဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းကို အောက်တိုဘာ ၂၅ ရက်က စတင်ပြီး ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါသင်တန်းတွင် ဌာနအတွင်းရှိ ဝန်ထမ်း ၁၁ ဦးအား မိုဘိုင်းဖုန်း (Hardware & Software) ဆိုင်ရာ နည်းပညာများကို အောက်တိုဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ နှစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် လူထုအခြေပြုဗဟိုဌာနများတွင် ပြည်သူများအတွက် အကျိုးပြုစေမည့် ဘာသာစကားသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ အစည်းအဝေး၊ ဆွေးနွေးပွဲများနှင့် ပြပွဲ/ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ လူငယ်များအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်မည့် မိုဘိုင်းဖုန်းပြုပြင်နည်းပညာများကို သင်ကြားပို့ချနိုင်စေရန် ရည်ရွယ်၍ ဌာနအတွင်းရှိ ဝန်ထမ်းများကို ပထမအဆင့် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား ၁၁ ဦးက လူထုအခြေပြုဗဟိုဌာနများတွင် ဒေသခံပြည်သူများအား ဆင့်ပွားသင်တန်းများ ဆက်လက်သင်ကြားပေးနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ သင်တန်းသားများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်စေခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အထ၊ ပညာရေးက

**သံသံ**

**ယနေ့ကာလ လူ့အဖွဲ့အစည်းတွေအတွင်း၊ တော်တော်များများ (အားလုံးမဟုတ်) ခေါင်းဆောင်နေရာမှ နေချင်ကြသည့်လူများကို တွေ့နေရပါသည်။ နေရာရပြီဆိုလျှင်လည်း အောက်ကလူတွေထက်ပိုပြီး တော်လို့၊ တတ်လို့ ဒီနေရာကို ရောက်လာတာဟု ထင်တစ်လုံးဖြင့် မာန်တက်နေတတ်ကြပါသည်။ "ငါ မင်းသားမလုပ်ရလျှင်၊ ပတ်မကြီးထိုးဖောက်မယ်"ဆိုသည့်စကားပုံအတိုင်း ရည်မှန်းချက်ပန်းတိုင် (လုပ်ငန်းတွေ)ကို အမြန်ဆုံးအောင်မြင်အောင် ပူးပေါင်းလုပ်ဆောင်မှုများကို မတွေ့ရတော့ပါ။ တကယ်တော့ ကိုယ်ဘယ်နေရာမှာ နေရ၊ နေရ အဖွဲ့အစည်းတစ်ခု တိုးတက်အောင်မြင်ဖို့အတွက် လူတိုင်း လူတိုင်းပူးပေါင်းလုပ်ဆောင်ကြဖို့ တာဝန်ကိုယ်စီ ရှိကြပါသည်။**

ယနေ့ ပညာရေးလောကမှာ သိနေကြသည့် (၂၁)ရာစု ကျွမ်းကျင်တတ်မြောက်မှုနည်းစနစ် (21st Century Skills Framework) များ ရှိပါသည်။ ၎င်းတို့အနက် အပြန်အလှန် ယုံကြည် နားလည်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Communication and Collaboration) ဆိုသည့် နည်းစနစ်များကို သိမြင်နေရုံ၊ အခြားသူများကို လမ်းညွှန်နေရုံဖြင့် ပြီးပြည့်စုံမှုမရှိပါ။ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အောက်ခြေမှစ၍ ကိုယ်တိုင်ဆောင်ရွက်ခဲ့ဖူးသူဖြစ်မှလည်း မိမိနှင့် ဆက်စပ်လျက်ရှိသည့် ဝန်းကျင်၊ လူ့အဖွဲ့အစည်း၊ ကြီးသူ၊ တန်းတူ၊ ငယ်သူများကို လမ်းညွှန်နိုင်ကြမည် ဖြစ်ပါသည်။

### ပူးပေါင်းဆောင်ရွက်

ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အထကို စာသင်ခန်းအတွင်း (အခြေခံမှစ၍ အဆင့်မြင့်အထိ) မှ စတင်ခဲ့သည်ဟု မှတ်ယူနိုင်ပါသည်။ စာရေးသူတို့ ငယ်စဉ်မူလတန်းမှစ၍ ကျောင်းစဖွင့်ပြီဆိုလျှင် အရောင်နှင့် အသင်းအဖွဲ့များကို အတန်းအလိုက် စာသင်ခန်းတိုင်းမှာ ခွဲပါသည်။ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ စသည်ဖြင့် အတန်းခေါင်းဆောင်၏အောက်တွင် အသင်းခေါင်းဆောင်များနှင့် အသင်းသားများ ပါဝင်ပါသည်။ ကျောင်းတွင်း/ ပြင်ပတွင် သန့်ရှင်းရေး၊ အားကစားနှင့် လူမှုရေးကိစ္စများကို အသင်းအလိုက် အလှည့်ကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

စာသင်ခန်း (class room)အတွင်း ဖြစ်စေ၊ extra– curriculum ဖြစ်သည့် စာသင်ခန်းပြင်ပ သင်ခန်းစာ (ဥပမာ ။ ။ လက်တွေ့ကွင်းဆင်းလေ့လာမှု) မှာဖြစ်စေ၊ ကျောင်းသူ ကျောင်းသားများကို အထက်ဖော်ပြခဲ့သည့် အပြန်အလှန် ယုံကြည်နားလည်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် ကျွမ်းကျင်မှုများကို ရရှိစေရန် လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။ သင်ခန်းစာ၏အဖြေကို ရရှိရန် အတွဲလိုက် (သို့) အဖွဲ့လိုက် (နှစ်ဦး (သို့) လေးဦး စသည်ဖြင့်) ယှဉ်ပြိုင်စေခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ညှိနှိုင်းအဖြေရှာခြင်း၊ ရရှိလာသော အဖြေများကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဖလှယ်ခြင်း လေ့ကျင့်ကြရပါသည်။

### စံသတ်မှတ်ချက်များ

တက္ကသိုလ်ပညာရေးတွင် ၂၀၁၃ ခုနှစ်မှစတင်၍ အရည်အသွေးစစ်ဆေးခံနိုင်မှုအတွက် ဆောင်ရွက်ကြရန် ညွှန်ကြားစာများကို ရရှိခဲ့ပါသည်။ တက္ကသိုလ်များ၏ ဘာသာရပ်ဌာနများတွင် program level များအတွက် အကဲဖြတ်ရန် စံသတ်မှတ်ချက်များကို ချမှတ်ပေးခဲ့ပါသည်။ ထိုအချိန်ကတည်းက စာရေးသူအနေဖြင့် စံသတ်မှတ်ချက်အတော်များများကို စစ်ဆေးခံနိုင်ရန် အသင့်ပြင်ဆင်၍ ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်ရှိ ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားများကိုသော်လည်းကောင်း ပညာရပ်ဆိုင်ရာ ၊ ဗဟုသုတများ၊ သင်ကြားနည်းစနစ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသရွေ့ ဖြန့်ဝေပေးခဲ့ပါသည်။

စာရေးသူအနေဖြင့် စာသင်ချိန်အစမှာ ကျောင်းသူ ကျောင်းသားများ၏ နှုတ်ဆက်စကားကို "မင်္ဂလာပါ"ဟု နှုတ်ဆက်မည့်အစား "ငါတစ်ခုခု လုပ်မည်ဆိုရင်၊ သူများဘာဖြစ်မလဲ အရင်စဉ်းစားပါ"ဟု သုံးကြိမ်နှုတ်ဆက်ရန် လေ့ကျင့်ပေးခဲ့ပါသည်။ "လမ်းကလေးကျဉ်းနေရင် သူများတွေကို အရင်သွားစေဖို့၊ နောက်ဆုံးမှာနေပေးကြဖို့"၊ "ကုလားထိုင်လေးတစ်လုံးပဲ ရှိနေရင်၊ သူများတွေကို အရင်ထိုင်စေဖို့" အမြဲဆုံးမသွန်သင်ခဲ့ပါသည်။ ရည်မှန်းချက်တိုင်း အဆင်ပြေအောင်မြင်နိုင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကို မွေးမြူပေးခဲ့ပါသည်။ ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးခဲ့ပါသည်။

> ❖ ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အထကို စာသင်ခန်းအတွင်း (အခြေခံမှစ၍ အဆင့်မြင့်အထိ) မှ စတင်ခဲ့သည်ဟု မှတ်ယူနိုင်
>
> ❖ ယနေ့ နိုင်ငံတော်အတွက် ပြန်လည်ထူထောင်ရေးကဏ္ဍတွင် ဆရာ ဆရာမများအားလုံး တက်ညီလက်ညီနှင့် စာသင်ခန်းအတွင်းကစပြီး ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး အမြန်တည်ဆောက်နိုင်မည်

ယခုတစ်လော ပညာရေးလောကမှ ဆရာ ဆရာမများကို အရည်အသွေးပြည့်ဝစေရန် ဘာသာရပ်ဆိုင်ရာသင်တန်းများကို ပို့ချပေးဖို့ သတင်းတွေမှာ တွေ့ရှိရပါသည်။ ပညာရေးတွင် ယခင်ကတည်းက ပြည်တွင်း ပြည်ပ ကျွမ်းကျင်သူ ဆရာ ဆရာမကြီးများ၊ ပညာရှင်ကြီးများက လေ့ကျင့်ပညာပေးသင်တန်းတွေကို ပုံစံအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးဖြင့် လေ့ကျင့်ပေးခဲ့ကြပါသည်။ သက်ဆိုင်ရာများက တာဝန်ကျေခဲ့ကြပါသည်။ **သို့သော် ဆရာ ဆရာမများဘက်ကလည်း ခေါင်းဆောင်အင်္ဂါရပ်များထဲမှာပါသည့် စဉ်ဆက်မပြတ် လေ့လာသင်ယူလိုစိတ်ရှိနေမှသာ ယနေ့ပညာရေးခရီးကြီး ပေါက်မြောက်အောင်မြင်နိုင်ပါမည်။ သက်ဆိုင်ရာကလည်း အရည်အသွေးအကဲဖြတ်သည့်စနစ်ကို အမှန်တကယ် ကျင့်သုံးပေးကြရန်၊ ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံးပေးရန် လိုအပ်ပါသည်။**

### ပညာရေးစနစ်ဘယ်ကိုသွားနေ

ဆရာ ဆရာမများအနေဖြင့်လည်း ယနေ့ မိမိနိုင်ငံတော်၏ ပညာရေးစနစ်က ဘယ်ကိုသွားနေလဲ၊ အနာဂတ်မှာ ဘယ်လိုဖြစ်လာမလဲ။ **မိမိကိုယ်တိုင်ကလည်း အရည်အသွေးအတွက် အမြဲဆန်းစစ်နေပြီးပါပြီလား။ သင်ကြား၊ သင်ယူသူ ကျောင်းသူ ကျောင်းသားများနဲ့ လုပ်ဖော်ကိုင်ဖက်များရဲ့ အကဲဖြတ်မှုကို သတ္တိရှိရှိ ခံယူရန်အတွက် အသင့်ရှိနေပြီလား။** အထက်ပါ အချက်တွေမှာ–

၁။ မိမိနိုင်ငံကို အားမလို အားမရဖြစ်ပြီး တိုင်းတစ်ပါးကို အထင်ကြီးတဲ့စိတ် ၂။ အမှိုက်ပစ်တာကအစ၊ အချိန်ကို မလေးစားတာအဆုံး (အခြားသော ethical/ personal issues တွေ အပါအဝင်) ၃။ မိမိသာလျှင် အသိဆုံး၊ အတတ်ဆုံးယူဆကြပြီး ပူးပေါင်းဆောင်ရွက်လိုခြင်း မရှိကြတဲ့ အကျင့်စရိုက်တွေကို ရှောင်ကြဉ်ကြရန် အလေးအနက်ထားကြစေလိုပါသည်။ **အထက်ဖော်ပြပါ (၂)အချက် ဖြစ်သည့် စည်းကမ်းလိုက်နာမှုရှိမှသာလျှင် ဥပဒေ (အထူးသဖြင့် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ စသည်တို့ကို) လိုက်နာနိုင်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများကို နားလည်ကျင့်သုံးနိုင်ပါမည်။**

### အများနှင့်ပူးပေါင်းဆောင်ရွက်လိုသောသူ

သက်ဆိုင်ရာကလည်း ဆရာ ဆရာမတစ်ဦးသည် ၁။ နိုင်ငံတော်နှင့် ပြည်ထောင်စုကို ချစ်မြတ်နိုးစိတ်ရှိပြီး နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို သုံးသပ်ဆင်ခြင်နိုင်စွမ်းရှိသူ ၂။ ကျောင်းသူ ကျောင်းသားများ၏ စံနမူနာ၊ ရှေ့ဆောင်လမ်းပြဖြစ်နိုင်သူ ၃။ ငါသိ၊ ငါတတ်၊ အတ္တစိတ်ကင်းပြီး အများနှင့်ပူးပေါင်းဆောင်ရွက်လိုသောသူ စသည့် အချက်များကို ထည့်သွင်းအကဲဖြတ်ပေးနိုင်ကြမှသာ အနာဂတ် နိုင်ငံတော်၏ ပညာရေးအတွက် စိတ်အေးရပါမည်။

ကောင်းမွန်ပြည့်ဝ၍ အရည်အသွေးရှိသည့် ပညာရေးသည် သင်ကြား၊ သင်ယူသူများကို ၁။ အသက်မွေးဝမ်းကျောင်းကို ဖော်ဆောင်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် ၂။ သာယာဝပြော၍ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများကို ထူထောင်နိုင်ရန်အတွက် ဖြည့်ဆည်းပေးနိုင်ပါသည်။

ယနေ့ နိုင်ငံတော်အတွက် ပြန်လည်ထူထောင်ရေးကဏ္ဍတွင် ဆရာ ဆရာမများအားလုံး တက်ညီလက်ညီနှင့် စာသင်ခန်း အတွင်းကစပြီး ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး အမြန်တည်ဆောက်နိုင်မည်မှာ မလွဲကေန်ဖြစ်ပါတော့သည်။ ။



## လှိုင်းဘွဲ့မြို့နယ်၌ ယဉ်ကျေးလိမ္မာဓမ္မစကူးသင်တန်း ဖွင့်လှစ်

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်ကျေးရွာတွင် လူငယ်လူရွယ်များ၊ ကျောင်းသားကျောင်းသူများအနေဖြင့် အခြေခံ ဗုဒ္ဓတရားတော်များကို သိရှိပြီး ယဉ်ကျေးလိမ္မာစေရန်အတွက် ယဉ်ကျေးလိမ္မာစမ္မစကူးသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါမဲဆမိတ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်ကြားရေးဆရာတော်များ၊ သင်တန်းနည်းပြဆရာဆရာမများက မဲဆမိတ်ကျေးရွာအတွင်းရှိ လူငယ်များ၊ ကျောင်းသားကျောင်းသူများအား အခြေခံဗုဒ္ဓတရားတော်များ၊ ယဉ်ကျေးလိမ္မာဗုဒ္ဓအဆုံးအမတရားတော်များ၊ ကလေးတို့အတွက် ယဉ်ကျေးလိမ္မာစေမည့် အဆုံးအမများကို သင်ကြားပို့ချပေးကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုအား တာဝန်ရှိသူများအဖွဲ့ ကွင်းဆင်းကြည့်ရှု

**ပွင့်ဖြူ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် အောက်တိုဘာ ၁၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် အရံစေတီ ရှစ်ဆူ ထိခိုက်ပျက်စီးခဲ့မှုအား ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက စတင်ပြီး ဘုရားဒါယကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့်မိသားစုက ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာ အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးအား ပြန်လည်ပြုပြင်မွမ်းမံခြင်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် မိသားစုက ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာစာရ(သာသနဓဇဓမ္မာစရိယ)၏ကြီးကြပ်မှုဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအဖွဲ့က ရေရှည်တည်တံ့ ခိုင်ခံ့မှုရှိ အောင် စနစ်တကျ ပြုပြင်မွမ်းမံ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အရံစေတီများနှင့် ဘုရားရင်ပြင်တော်ပေါ်ရှိတန်ဆောင်းပြာသဒ်များ ထိခိုက်ပျက်စီးမှုအား ဂေါပကအဖွဲ့မှ ဘုရားကြီးအလှူငွေဖြင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို သီတင်းကျွတ်လမကုန်မီ အပြီးပြုပြင်မွမ်းမံပြင်ဆင် သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





❍ ကျော့ဖုံးမှ

မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလှေ့လာရေး လာရောက်သူများသည် သမိုင်းဝင် အထင်ကရဘုရားများကိုဝင်ရောက် ဖူးမြော်လျက်ရှိပြီး ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဂေါပကအဖွဲ့ရှိသည့် ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ မဟာဗောဓိဘုရား၊ မဟာငှက်ပစ်တောင်ဘုရား၊ သဗ္ဗညုဘုရား၊ ရွှေဆံတော်ဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ပြဿဒ်ကြီးဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊မြစေတီ၊ မနူဟာဘုရား၊ ကျောက်ဂူ ဥမင်ဘုရား၊ ဓမ္မရာဇကဘုရား၊ ကန်တော့ပလ္လင်ဘုရား စသည့် ဘုရား(၁၉)ဆူသာ အများဆုံးလာရောက်လေ့လာဖူးမြော်ကြသည်။

ယခုအခါ အဆိုပါ တန်ခိုးကြီးဘုရားစေတီပုထိုးများအပြင် ခေမင်္ဂဘုရားဝင်း၊ ရင်မနားဘုရားဝင်း၊ ဝတ္တန ထေဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ သိကြားပုန်း၊ သိကြားဟစ်ဘုရားဝင်း၊ ရွှေလိပ်တူး၊ အင်းကြင်းဂူဘုရား၊ ကျောက်မျက်မော်ဘုရား၊ စိမ်းညှက်ညီအစ်မဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ လောကထိပ်ပန်း၊ လောကဥဒ္ဒေါင်၊ ကကျွဲနားမွှောင်းဘုရား၊ ပုထိုးသားများဘုရား၊ နတ်လှောင်းကျောင်း၊ နန်းဦးဘုရား၊ နန်းဘုရားနှင့် ရွှေကွန်ခြာ အစရှိသည့်ဘုရားများရှိ နံရံဆေးရေးပန်းချီများ၊ ဘုရားရှုခင်းများ၊ ဘုရားစုများ တည်ဆောက်ပုံတို့ကို မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ စိတ်ဝင်တစား လာရောက်ဖူးမြော်ကြသည်။

ဘုရားရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် ဘုရားဖူးများ တစ်ရက်၂၀၀၀ ခန့်လာရောက် လေ့လာဖူးမြော်လျက်ရှိပြီး သီတင်းကျွတ် လပြည့်နေ့က လူဦးရေ ၉၀၀၀ ကျော်ခန့်၊ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့က ၅၅၀၀ ခန့်လာရောက် ဖူးမြော်လေ့လာကြသည်။ အလားတူ အောက်တိုဘာ ၂၅ ရက်တွင်လည်း လူဦးရေ ၂၀၀၀ခန့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလေ့လာရေး လာရောက်ကြပြီး ဘုရားဖူးလာရောက်ကြသူများကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဝင်ရောက် ဖူးမြော်စေလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဖြူးမြို့နယ်ရှိ သဘာဝဘေးကြောင့် ထိခိုက်သွားသော မိုးစပါးစိုက်ခင်းများအတွက် ဓာတ်မြေဩဇာ ထောက်ပံ့

**ဖြူး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးသီးနှံ ထိခိုက်ကေနှင့် ပြန်စိုက်ကေများအတွက် တောင်သူလယ်သမားများ အထောက်အကူဖြစ်စေရေးအတွက် ရည်ရွယ်ကာ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဖြူးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးတွင် ပြုလုပ်သည်။

ထောက်ပံ့ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်မောင်စိုးက ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကိုလတ်က တောင်သူများအတွက် အကျိုးရှိစေမည့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းကောင်းများကို ရှင်းလင်းအသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် ဓာတ်မြေဩဇာများ ထောက်ပံ့ရာတွင် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါး ဧကပေါင်း ၂၂၈၆ ဧက ထိခိုက်/ပြန်စိုက်ခဲ့ရသည့် ဖြူးမြို့နယ် မြပဲခူးကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၃၃၂ ဦးတို့အတွက် ဓာတ်မြေဩဇာ ၁၀၈၄ အိတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်မောင်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်မင်းမောင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးနှင့် ဌာနဆိုင်ရာများက ထောက်ပံ့ပေးအပ်ခဲ့ရာ တောင်သူလယ်သမားများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများအတွက် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်စဉ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၅**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)ဝင်းရှိ အောင်ခေမာတွံတေးကျောင်းတိုက်၊ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာရှိ ရွာမကျောင်းတိုက်နှင့် ရခိုင်ပြည်နယ် အမ်းမြို့ မြို့ဦးဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# တိုကျိုမြို့ရှိ စားသောက်ဆိုင်များတွင် ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖယ်ရှားပေး

တိုကျို အောက်တိုဘာ ၂၅

**တိုကျိုမြို့ အုပ်ချုပ်ရေးအဖွဲ့သည် စားသောက်ဆိုင်များတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များအားလုံးကို ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။**

ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရမှုများနှင့် ဆေးရုံတက်ကုသရမှုများ လျော့ကျလာပြီးနောက် ယခုလို ဖယ်ရှားပေးခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၂၅ ရက်မှ စတင်ကာ ကိုဗစ် -၁၉ တိုက်ဖျက်ရေး စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသည့် စားသောက်ဆိုင်များနှင့် ယမကာဆိုင်များတွင် ကိုဗစ် -၁၉ ကန့်သတ်ချက်များ မရှိတော့ပေ။

ဆိုင်ဖွင့်ချိန်ကို လျှော့ချရခြင်းများနှင့် ည ၈နာရီအထိသာ အရက်ရောင်းချရန် သတ်မှတ်ချက်များကိုလည်း ဖယ်ရှားပေးခဲ့သည်။ အသိအမှတ်ပြုထားသည့် စားသောက်ဆိုင်များသည် စီးပွားရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ပြန်လည် လည်ပတ်ခွင့်ရပြီဖြစ်သည်။ ၁၁ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပုံမှန်အတိုင်း ပြန်လည် လည်ပတ်ခွင့်ရခြင်းလည်းဖြစ်သည်။

အသိအမှတ်ပြုခြင်း မခံရသေးသည့်စားသောက်ဆိုင်များတွင်မူ အရက်ရောင်းချခွင့်ကို ည ၉နာရီအထိသာ ခွင့်ပြုပေးထားသည်။ စားသောက်ဆိုင်များအားလုံး စားပွဲတစ်ဝိုင်းတွင် လူလေးဦးသာ ထိုင်ခွင့်ပြုမည်ဖြစ်သည်။

လူအုပ်စုများလျှင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း ပြသရမည်ဖြစ်သည်။ နိုဝင်ဘာလကုန်အထိ ကိုဗစ် -၁၉ တိုက်ဖျက်ရေး လုပ်ဆောင်မှုများကို အားကောင်းအောင်ဆက်လက်လုပ်ဆောင်သွားမည်ဟု တိုကျိုမြို့အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ



စားသောက်ဆိုင်အတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

## တောင်ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာလအတွင်း ပုံမှန်နေထိုင်မှုဘဝ ပြန်လည်ရရှိမည်ဟု တောင်ကိုရီးယားသမ္မတ ပြော

**ဆိုးလ် အောက်တိုဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုအပေါ် မူတည်ကာ နိုဝင်ဘာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာလမှ ပုံမှန်နေထိုင်မှုကို ပြန်လည်စတင်နိုင်မည်ဟု တောင်ကိုရီးယားသမ္မတမွန်ဂျေအင်းက ပြောသည်။

ပါလီမန်တွင် မိန့်ခွန်းပြောကြားစဉ်အတွင်း ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးပေးနိုင်မှုနှင့် ကူးစက်မှုများ တည်ငြိမ်လာမှုတို့အပေါ် အခြေခံပြီး နိုဝင်ဘာလမှစတင်ကာ ပုံမှန်နေထိုင်မှုဘဝရရှိရေးအတွက် တဖြည်းဖြည်းချင်း လျှောက်လှမ်းသွားမည်ဟု ပြောသည်။



တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း။

ကုန်သည်ငယ်များနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်း လုပ်ကိုင်ကြသူများ အသွားအလာကန့်သတ်မှု စည်းကမ်းသတ်မှတ်ချက်များကြောင့် ထိခိုက်ရသည်။

ကိုဗစ် -၁၉ တိုက်ဖျက်ရေး အခြေခံအချက်များ ဖြစ်သည့် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းများကိုမူ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## တစ်နှစ်နှင့်ငါးလကြာ ရပ်နားထားရပြီးနောက် ခရီးသွားလုပ်ငန်းပြန်လည်စတင်ပြီဟု ပါလက်စတိုင်းဝန်ကြီးချုပ်ပြော

**ရမ်မလာ အောက်တိုဘာ ၂၅**

ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် တစ်နှစ်ခွဲနီးပါးခန့် ခရီးသွားများ ဝင်ရောက်မှုကို ရပ်နားထားခဲ့ရသော်လည်း ယခုအခါ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ပြီဖြစ်ကြောင်း ပါလက်စတိုင်း ဝန်ကြီးချုပ်မိုဟာမက် အစ်ရှ်ထေးက ပြောသည်။ အနောက်ဘက်ကမ်းမြို့ ဘတ်သ်လီဟမ်မြို့တွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ကတိသစ္စာပြုပွဲအခမ်းအနားတွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စရေးတို့သည် နိုင်ငံခြားခရီးသွားများကို ဘတ်သ်လီဟမ်မြို့တွင် ညအိပ်ရန် ခွင့်မပြုခဲ့သော်လည်း ယခုအခါ အဆိုပါမြို့တွင် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် အဆင်သင့်ဖြစ်နေပြီဟု ၎င်းက ဆက်ပြောသည်။

ဂျေရုဆလင် အရှေ့ပိုင်းနှင့် ဘတ်သ်လီဟမ်မြို့ အတွင်း ဟိုတယ်များတွင် ညအိပ်ညနေနားနေနိုင်ရန် လိုအပ်ချက်များအားလုံးကို ပါလက်စတိုင်းအစိုးရက ပြင်ဆင်ထားသည်ဟု သိရသည်။ နိုဝင်ဘာ ၆ ရက်မှစတင်ကာ နိုင်ငံခြားခရီးသွားများ ပါလက်စတိုင်းဟိုတယ်များတွင် တည်းခိုနိုင်ရန် ကြိုတင်မှာယူနိုင်ပြီဟုလည်း ပါလက်စတိုင်း ခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းအမွေအနှစ်ဝန်ကြီးဌာနက ပြောသည် ။

ပြီးခဲ့သည့် မတ်လမှစတင်ကာ ကိုဗစ် – ၁၉ ကူးစက်မှုပထမလှိုင်းအတွင်း ဘတ်သ်လီဟမ်မြို့ရှိ ဟိုတယ်ပေါင်း ၇၀ ခန့်မှာ ရပ်နားထားရသည်။ ယင်းကြောင့် ဒေသခံများတွင် အလုပ်လက်မဲ့ဦးရေမှာလည်း များပြားလာခဲ့ရသည်။

ထိုအချိန်မှစတင်၍ မည်သည့်နိုင်ငံခြားသား ခရီးသွားမှ ဘတ်သ်လီဟမ်မြို့သို့ လာရောက်လည်ပတ်ခဲ့ခြင်းမရှိပေ။ **ဆင်ဟွာ**



ဘတ်သ်လီဟမ်မြို့ကို တွေ့ရစဉ်။

## မလေးရှားနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၆၆၆ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၅**

မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၂၄ ရက်ညပိုင်းက ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၆၆၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၄၁၇၁၆ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်ပမှကူးစက်လာသူ ၂၀ ရှိပြီး ဒေသတွင်းကူးစက်ခံရသူ ၅၆၄၆ ဦးရှိသည်။ သေဆုံးသူအရေအတွက်မှာလည်း ၄၆ ဦး တိုးလာသည့်အတွက် စုစုပေါင်းသေဆုံးသူ ဦးရေမှာ ၂၈၄၀၀ ဖြစ်လာသည်။ လက်ရှိတွင် ရောဂါခံစားနေရသူ ၇၅၉၄၇ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၆၀၃ ဦးရှိသည်။

အသက်ရှူအထောက်အကူပြုကိရိယာလိုအပ်သူ ၃၀၀ ရှိသည်ဟု သိရသည်။

အောက်တိုဘာ ၂၄ ရက်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးအလုံးရေ ၁၂၄၅၃၀ ကို ထိုးပေးနိုင်ခဲ့ပြီး နိုင်ငံလူဦးရေ၏ ၇၇ ဒသမ ၇ ရာခိုင်နှုန်းမှာ အနည်းဆုံး ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူများဖြစ်သည်။ ကာကွယ်ဆေးအပြည့်ထိုးပြီးသူ ၇၂ ဒသမ ၈ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ ပါပူအာ၌ ကုန်တင်လေယာဉ် ပျက်ကျပြီး လေယာဉ်မှူးသေဆုံး

**ဂျကာတာ အောက်တိုဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ပါပူအာပြည်နယ် ပွန်ကက်ခရိုင်လေဆိပ်တွင် ကုန်ပစ္စည်းတင်လေယာဉ်ပျက်ကျခဲ့ရာ လေယာဉ်မှူး သေဆုံးသွားခဲ့သည်ဟု သိရသည် ။

တွဲဖက်လေယာဉ်မောင်းသူမှာ ဒဏ်ရာရရှိခဲ့သည်ဟု အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဒီတာအီရာတာတီက ဆင်ဟွာသို့ ပြောသည်။

အာမင်ဂါရူလေဆိပ်သို့ ဆင်းသက်ရန် ကြိုးပမ်းစဉ်အတွင်း လေယာဉ်ငယ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ဆေးခန်းသို့ပို့ဆောင်ပေးစဉ် လေယာဉ်မှူးမှာ သေဆုံးသွားခဲ့ပြီး တွဲဖက်လေယာဉ်မှူးမှာမူ ဒဏ်ရာရရှိခဲ့သည်။

အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှုကော်မတီက လေယာဉ်ပျက်ကျရသည့်အကြောင်းကို စုံစမ်းစစ်ဆေးမှုများပြုလုပ်မည်ဟု ၎င်းကဆက်ပြောသည်။ အာမင်ဂါရူလေဆိပ်ကို ယာယီပိတ်ထားရကြောင်း သိရသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် လအတော်ကြာပိတ်ထားရသော မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကျောင်းသွားနေသော ကျောင်းသားများကို တွေ့ရစဉ်။

ကိုလံဘို အောက်တိုဘာ ၂၅

**ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်ပျံ့နှံ့မှုကြောင့် လပေါင်းအတော်ကြာ ပိတ်ထားခဲ့ရသော သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ မူလတန်းကျောင်းများ အောက်တိုဘာ ၂၅ ရက်က ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားလိုက်သည်။**

ကျောင်းသားများ ဘေးအန္တရာယ်ကင်းရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားသည်ဖြစ်ရာ တစ်တန်းမှ ငါးတန်းအထိ ကျောင်းသားများကို သက်ဆိုင်ရာကျောင်းများတွင် ပြန်လည်တက်ရောက်ရန် အသိပေးထားကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မိဘများသည် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်စေလျက် ကျောင်းသားများကို ကျောင်းသို့လာရောက်ပို့ကြသည်။ သက်ဆိုင်ရာ တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်တွင် ကျောင်းသားများအား စစ်ဆေးကြပ်မတ်ပြီး ကိုယ်ပူချိန်တိုင်းတာခြင်းနှင့် လက်ဆေးစေပြီးမှသာ အတန်းထဲသို့ ဝင်စေသည်။

စာသင်ခန်းတွင် တစ်ယောက်နှင့် တစ်ယောက် တစ်မီတာ အကွာဖြင့် စာသင်ကြားကြရပြီး တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းကို ရှောင်ရှားကြရကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

မကြာသေးမီသီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကျဆင်းလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

သို့သော်လည်း ပြည်သူများအား သတိဖြင့် ဆက်လက်နေထိုင်ကြရန် တိုက်တွန်းပြောကြားထားသည်။

သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၅၃၆၀၈၄ ဦးရှိပြီး သေဆုံးသူပေါင်း ၁၃၆၁၁ဦးရှိသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၇၄ သန်း ကျော်လွန်ရောက်ရှိ

**ဟန္နိုင်း အောက်တိုဘာ၂၅**

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၃၆၃၉ ဦးရှိကြောင်း ဖော်ပြပြီး ပြည်ပကူးစက်သူ ၁၉ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၃၆၂၀ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံ ကူးစက်မှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၉၂၅၇၉ ဦးအထိရှိလာပြီး ၂၁၇၃၈ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၉၆၉ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၅၁၇ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၄၅၈ ဦးတို့ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၈၀၇၃၀၁ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၇၄ သန်း ကျော်လွန်ရှိလာပြီဖြစ်သည်။

အောက်တိုဘာ ၂၅ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၈၇၇၉၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဆင်ဟွာ



ဗီယက်နမ်နိုင်ငံ ဟန္နိုင်းတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၇၆၁၃၀၇ ဦးအထိရှိလာ

**မနီလာ အောက်တိုဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၄၄၀၅ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၇၆၁၃၀၇ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၄၉ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူပေါင်း ၄၁၉၄၂ ဦးအထိရှိလာခဲ့သည်။ ဓာတ်ခွဲခန်းငါးခန်းမှ သတင်းအချက်အလက်များပေးပို့ရန် ပျက်ကွက်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်းကျဆင်းစေရန် ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျရီက လူမှုဝေးကွာနေထိုင်မှုများကို လိုက်နာကျင့်သုံးရန်နှင့် ကောင်းမွန်သောကျန်းမာရေးဂရုစိုက်နေထိုင်မှုများရှိရန်၊ လူထူထပ်သောနေရာများကို သွားလာခြင်းမှ ရှောင်ကြဉ်ရန် အရေးကြီးကြောင်း ပြောကြားထားသည်။ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုသည် စက်တင်ဘာ ၁၁ ရက်က ၂၆၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

တတိယလှိုင်းကူးစက်ဖြစ်ပွားမှုသည် စက်တင်ဘာလတွင်အမြင့်ဆုံးဖြစ်ခဲ့သည်။ ဖိလစ်ပိုင် နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ် စစ်ဆေးပြီးသူပေါင်း သန်း ၂၁ သန်း ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၆၈ ဒသမ ၂၆ သန်းအထိရှိလာ

**ဂျကာတာ အောက်တိုဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ တစ်နေ့တည်း ၄၆၀ တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၂၄၀၄၇၉ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် လူ ၃၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၃၂၃၅ ဦး အထိရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၂၃၆ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၈၃၆၉၀ အထိ ရှိလာသည်။

သက်ဆိုင်ရာ အာဏာပိုင်များက တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့် ပေးလိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ဇန်နဝါရီ ၁၃ ရက်က စတင်ခဲ့သည်။

ယနေ့အချိန်အထိ လူပေါင်းအနည်းဆုံး ၆၈ ဒသမ ၂၆ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်း သိရကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၁၃ ဒသမ ၄၂ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသော ခရီးသွားများ သုံးဘီးယာဉ်စီးနေသည်ကို တွေ့ရစဉ်။

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၄၆ သန်းကျော်ရှိလာ

**အဒစ္စအဘာဘာ အောက်တိုဘာ ၂၅**

အာဖရိကတွင် အောက်တိုဘာ ၂၅ ရက်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၄၆၇၆၃၅ ဦး ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ)က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးသူပေါင်းမှာ ၂၁၆၉၈၀ ရှိလာပြီဖြစ်ကြောင်းနှင့် ၇၈၅၇၃၈၄ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိက မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ရေနံအပေါ် မှီခိုအားထားနေရသည့် ဆော်ဒီအာရေဗျနိုင်ငံ၏ ကာဗွန်ထုတ်လုပ်မှု သုညအထိ လျှော့ချနိုင်ရေး ကြေညာချက်အပေါ် မေးခွန်းများ ထွက်ပေါ်လာ

ကေကေစိုး

ရေနံအပေါ် မှီခိုအားထားနေရသည့် ဆော်ဒီအာရေဗျနိုင်ငံမှာ ၂၀၆၀ ပြည့်နှစ်ရောက်လျှင် ကာဗွန်ထုတ်လုပ်မှုကို သုညအထိရောက်အောင် လျှော့ချသွားမည်ဟု အောက်တိုဘာ ၂၄ ရက်က ပြောကြားခဲ့ရာ အဆိုပါကိစ္စနှင့် ပတ်သက်ပြီးမေးခွန်းများ ထွက်ပေါ်လာသည်။



ဆော်ဒီရေနံကုမ္ပဏီ အရမ်ကို ပိုင်ဆိုင်သည့် ဒဟာရမ် ရေနံစက်ရုံကို တွေ့ရစဉ်။

**ဝေဖန်မှုများထွက်ပေါ်လာ**

ကမ္ဘာပေါ်တွင် ထိပ်တန်းရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံသည် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချမည်ဟု ကတိပြုထားသော်လည်း ရေနံထုတ်လုပ်မှုပမာဏကို တိုးမြှင့်ရန် စီစဉ်ထားရာ ယင်းအပေါ် ဝေဖန်မှုများ ထွက်ပေါ်လာသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေး အဖွဲ့အစည်းဖြစ်သည့် Greenpeace သည် ဆော်ဒီနိုင်ငံ၏ ကြေညာမှုနှင့် ပတ်သက်ပြီး သံသယများ ထွက်ပေါ်လာသည်။

**စွပ်စွဲခဲ့**

လာမည့်သီတင်းပတ်အတွင်း ဂလက်စကိုမြို့တွင် ပြုလုပ်မည့် COP26 ရာသီဥတုပြောင်းလဲမှုညီလာခံတွင် ဆော်ဒီနိုင်ငံအပေါ် ဝေဖန်မှုများ လမ်းကြောင်းပြောင်းသွားစေရေးအတွက် ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်ဟု စောင့်ကြည့်ရေးအဖွဲ့က စွပ်စွဲခဲ့သည်။ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ သတိပေးမှုများ များပြားလာချိန် ရာစုနှစ်အလယ်သို့ရောက်လျှင် ကာဗွန်ထုတ်လုပ်မှုကို သုညအထိရောက်အောင် လမ်းကြောင်းပေါ်သို့ ဆွဲခေါ်နိုင်ရေးရည်မှန်းကာ COP26 ကို ကျင်းပရခြင်းဖြစ်သည်။

**မေးခွန်းထုတ်**

ဆော်ဒီနိုင်ငံက ရေနံထုတ်လုပ်ရေးတိုးမြှင့်ရေးအတွက် ပြင်ဆင်နေရာ ယင်းအချိန်တွင် ကာဗွန်ထုတ်လုပ်မှုကို သုညရာခိုင်နှုန်းအထိ ရောက်အောင် လုပ်ဆောင်မည်ဟု ကြေညာခဲ့သည့်အတွက် အဆိုပါ ကြေညာမှု၏လေးနက်မှုကို မေးခွန်းထုတ်ကြောင်း Greenpeace မှ စည်းရုံးရေးမန်နေဂျာ အာမက်အယ်လ်ဒရူဘီက ပြောသည်။ ဆော်ဒီပိုင်ရေနံကုမ္ပဏီအရမ်ကိုသည် ၂၀၂၇ ခုနှစ်အရောက်တွင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၂ သန်းမှ ၁၃ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဟု ယခုလအတွင်း ကြေညာခဲ့သည်။

**ဗျူဟာတစ်ခုဟုသာမြင်မိ**

ထို့ကြောင့် ကာဗွန်ထုတ်လုပ်မှု သုညအထိ ရောက်အောင် လျှော့ချမည်ဆိုသည့်ဆော်ဒီနိုင်ငံ၏ ကြေညာချက်မှာ COP26 အစည်းအဝေးတွင် နိုင်ငံရေးဖိအားပေးမှုများမှ သက်သာရာရစေရေးအတွက် ဗျူဟာတစ်ခုဟုသာ မြင်မိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**တွန်းအားကြီးကြီးပေးရန်လိုအပ်**

အပြည်ပြည်ဆိုင်ရာလေ့လာရေးနှင့် မဟာဗျူဟာစင်တာမှ အကြီးတန်းဝန်ထမ်းတစ်ဦးဖြစ်သူ ဘန်ချေလ်က ဆော်ဒီနိုင်ငံအနေဖြင့် ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးနှင့် စွမ်းအင်လုံလောက်မှုတို့အတွက် တွန်းအားကြီးကြီးပေးရန် လိုအပ်သည်ဟုလည်း ပြောကြားခဲ့သည်။

ဆော်ဒီနိုင်ငံသည် မီသိန်းထုတ်လုပ်မှုကို လျှော့ချရန် တစ်ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုတွင်လည်း ပါဝင်သွားမည်ဟု ပြောကြားခဲ့သည်။ မီသိန်းထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် သုညရာခိုင်နှုန်းအထိ လျှော့ချသွားနိုင်ရေး ကြိုးပမ်းသွားမည်ဟု အရမ်ကိုကုမ္ပဏီက ပြောသည်။

**မျှတနေရမည်**

နိုင်ငံပေါင်း ၁၃၀ ကျော်မှာ ရာစုနှစ်အလယ်သို့ရောက်လျှင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် စဉ်းစားနေကြသည်ဟု ကုလသမဂ္ဂက ပြောသည်။ သက်ရှိများ နေထိုင်လို့ရသည့် ရာသီဥတုဖြစ်ရန်အတွက် ရည်မှန်းချက်ထားကာ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ပြောသည်။ ကာဗွန်ထုတ်လုပ်မှုနှင့် ကာဗွန်စုပ်ယူမှုတို့မှာလည်း မျှတနေရမည်ဖြစ်သည်။

**ကတိပြုချက်ကို ပြောကြားခဲ့**

ဆော်ဒီနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ရေနံအဓိက ထုတ်လုပ်ရာနိုင်ငံဖြစ်သော ယူအေအီးနိုင်ငံက ၂၀၅၀ ပြည့်နှစ်ရောက်လျှင် ကာဗွန်ထုတ်လုပ်မှုမှာ မျှတမှုရှိရန် ရည်ရွယ်ထားကြောင်း ကြေညာခဲ့ပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံ၏ ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရေနံအဓိက တင်ပို့သည့်နိုင်ငံဖြစ်သည့် ဘာရိန်းနိုင်ငံသည်လည်း ဆော်ဒီနိုင်ငံကဲ့သို့ အလားတူ ကတိပြုချက်ကို ပြောကြားခဲ့သည်။ ရေနံထုတ်လုပ်သူများအသင်းတွင် ဆော်ဒီနိုင်ငံသည် အဓိက ရေနံစိမ်းထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ရေချိုရရှိရေးနှင့် စွမ်းအင် လိုအပ်ချက်တို့အတွက် ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုကို အကြီးအကျယ် လုပ်ဆောင်နေသည်။

**ရေနံအပေါ် မှီခိုရမှု အဆုံးသတ်နိုင်ရေးကြိုးပမ်းမည်**

လူဦးရေ ၃၄ သန်းရှိသည့် ဆော်ဒီနိုင်ငံအတွင်း တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုမှာ တန်ချိန်သန်းပေါင်း ၆၀၀ ရှိသည်။ ယင်းပမာဏသည် လူဦးရေ ၆၇ သန်းရှိသည့် ပြင်သစ်နိုင်ငံထက် ကျော်လွန်ကာ လူဦးရေ ၈၃ သန်းရှိသည့် ဂျာမနီနိုင်ငံထက်လည်း အနည်းငယ်လျော့နည်းသည်။

အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်သည် ၂၀၁၆ ခုနှစ်ကလည်း ၂၀၃၀ ပြည့်နှစ်အတွက် ၎င်း၏ ဦးတည်ချက်ကို ပြောကြားခဲ့ဖူးသည်။ ရေနံအပေါ် မှီခိုနေရသည့် စီးပွားရေးကို အဆုံးသတ်နိုင်ရေး ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့သည်။

**ရည်မှန်းထား**

သို့သော်လည်း ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ရိုက်ခတ်မှုများကြောင့် အဆိုပါ ရည်မှန်းချက်မှာ ရှုပ်ထွေးမှုများရှိနေခဲ့သည်။ တိုင်းပြည်၏ ပို့ကုန်တန်ဖိုး ၇၀ ရာခိုင်နှုန်းကျော်မှာ ရေနံပင်ဖြစ်နေဆဲဖြစ်သည်။ ဟိုက်ဒရိုဂျင်အပါအဝင် အခြားသော စွမ်းအင်ကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံသွားရန် အစီအစဉ်ရှိသည်ဟု ဆော်ဒီနိုင်ငံက ပြောသည်။

၂၀၃၀ ပြည့်နှစ်ရောက်လျှင် နှစ်စဉ်ကာဗွန်ထုတ်လုပ်မှုကို တန်ချိန် ၂၇၈ သန်းအထိ လျှော့ချနိုင်ရေးရည်မှန်းထားသည်ဟုလည်း ဆော်ဒီအိမ်ရှေ့မင်းသားက ပြောသည်။ လာမည့်ဆယ်စုနှစ်များတွင် သစ်ပင်သန်း ၄၅၀ ကျော်ကို ကနဦးအဆင့်အဖြစ် စိုက်ပျိုးသွားမည်ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။ ။

ကိုးကား - အေအက်ဖ်ပီ

◆ ဆော်ဒီနိုင်ငံက ရေနံထုတ်လုပ်ရေးတိုးမြှင့်ရေးအတွက် ပြင်ဆင်နေရာ ယင်းအချိန်တွင် ကာဗွန်ထုတ်လုပ်မှုကို သုညရာခိုင်နှုန်းအထိ ရောက်အောင် လုပ်ဆောင်မည်ဟု ကြေညာခဲ့သည့်အတွက် အဆိုပါ ကြေညာမှု၏ လေးနက်မှုကို မေးခွန်းထုတ်ကြောင်း Greenpeace မှ စည်းရုံးရေးမန်နေဂျာ အာမက်အယ်လ်ဒရူဘီက ပြောသည်။ ဆော်ဒီပိုင်ရေနံကုမ္ပဏီအရမ်ကိုသည် ၂၀၂၇ ခုနှစ်အရောက်တွင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၂ သန်းမှ ၁၃ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဟု ယခုလအတွင်း ကြေညာခဲ့

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❖ *ကျော့ဖုံးမှ*

(၂၄-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၂၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁၁) ဦး** တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၁၁) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၅၂,၁၀၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ **ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၄,၉၇၄) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၈၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၅၈,၄၇၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂) ဦး** ရှိသဖြင့် ယနေ့အထိ **သေဆုံးသူစုစုပေါင်း (၁၈,၅၆၀) ဦး** ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆၄) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၈) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၀) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | (၉) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၂) ခု | (၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၄၇) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၁) ခု | (၅၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၀၉၁) ခု | (၅၉၅) ဦး |
| စုစုပေါင်း | (၁၇,၂၉၄) ခု | (၇၁၁) ဦး |

လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်– ၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့်
အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၃-၁၀-၂၀၂၁ မှ ၂၃-၁၀-၂၀၂၁) ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၃-၁၀-၂၀၂၁ မှ ၉-၁၀-၂၀၂၁) (Epi Week-40) | ၁၂၇,၁၉၈ | ၁၀,၀၆၄ | ၇.၉၁ |
| (၁၀-၁၀-၂၀၂၁ မှ ၁၆-၁၀-၂၀၂၁) (Epi Week-41) | ၁၂၂,၆၇၄ | ၉,၅၁၈ | ၇.၇၆ |
| (၁၇-၁၀-၂၀၂၁ မှ ၂၃-၁၀-၂၀၂၁) (Epi Week-42) | ၁၀၉,၁၀၂ | ၆,၇၂၅ | ၆.၁၆ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်– ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၀)၊ အပတ်စဉ် (၄၁) နှင့် အပတ်စဉ် (၄၂)တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်မှု ဆက်လက်လျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်– ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှု မရှိစေရန်နှင့် ရောဂါကူးစက် ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာ လိုက်နာကြရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ် နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ် နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်– ၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၃၁၂၇၈၂ | ၃၆၀၅၂၆၁၄ | ၇၅၆၃၆၂ |
| ၂။ | အိန္ဒိယ | ၃၄၁၈၉၇၇၄ | ၃၃၅၆၇၃၆၇ | ၄၅၄၇၄၃ |
| ၃။ | ဘရာဇီး | ၂၁၇၂၉၇၆၃ | ၂၀၉၀၇၂၂၄ | ၆၀၅၆၈၂ |
| ၄။ | ဗြိတိန် | ၈၇၇၃၆၇၄ | ၇၁၄၂၁၁၆ | ၁၃၉၅၃၃ |
| ၅။ | ရုရှား | ၈၂၇၉၅၇၃ | ၇၁၈၆၆၁၁ | ၂၃၁၆၆၉ |
| ၆။ | တူရကီ | ၇၈၅၁၈၀၅ | ၇၂၈၃၉၈၈ | ၆၉၁၁၂ |
| ၇။ | ပြင်သစ် | ၇၁၂၅၈၆၈ | ၆၉၁၀၇၃၀ | ၁၁၇၄၆၇ |
| ၈။ | အီရန် | ၅၈၆၈၃၆၀ | ၅၄၂၉၉၈၂ | ၁၂၅၃၆၃ |
| ၉။ | အာဂျင်တီးနား | ၅၂၈၀၃၅၈ | ၅၁၄၆၈၁၉ | ၁၁၅၈၂၆ |
| ၁၀။ | စပိန် | ၄၉၉၇၇၃၂ | ၄၈၄၈၄၃၂ | ၈၇၁၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၀၄၇၉ | ၄၀၈၃၆၉၀ | ၁၄၃၂၃၅ |
| ဖိလစ်ပိုင် | ၂၇၆၁၃၀၇ | ၂၆၆၁၆၀၂ | ၄၁၉၄၂ |
| မလေးရှား | ၂၄၃၁၇၁၆ | ၂၃၂၇၃၆၉ | ၂၈၄၀၀ |
| ထိုင်း | ၁၈၅၉၁၅၇ | ၁၇၄၀၃၁၆ | ၁၈၇၉၉ |
| ဗီယက်နမ် | ၈၉၂၅၇၉ | ၈၀၇၃၀၁ | ၂၁၇၃၈ |
| မြန်မာ | ၄၉၄၉၇၄ | ၄၅၈၄၇၀ | ၁၈၅၆၀ |
| စင်ကာပူ | ၁၇၂၆၄၄ | ၁၄၂၅၉၈ | ၃၁၅ |
| ကမ္ဘောဒီးယား | ၁၁၇၈၈၈ | ၁၁၃၂၆၄ | ၂၇၄၃ |
| လာအို | ၃၆၂၄၈ | ၂၈၇၂၆ | ၅၃ |
| ဘရူနိုင်း | ၁၂၃၈၄ | ၉၈၂၇ | ၈၁ |

# ရှမ်းပြည်နယ်သည် မြေသယံဇာတများစွာရှိပြီး ရေခံမြေခံကောင်းသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကောင်းမွန်အောင် ဆောင်ရွက်ပါကဝင်ငွေတိုးမည်

တောင်ကြီး အောက်တိုဘာ ၂၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှမ်းပြည်နယ်သို့ လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်လိုက်နာဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အောက်ပုံ)**



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်း ပြောကြားရာ ရှမ်းပြည်နယ်သည် မြေဩဇာကောင်းမွန်သည့် မြေသယံဇာတများစွာရှိပြီး ရေခံ မြေခံကောင်းသည့် ဒေသဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပါက ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ရန်နှင့် ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူပြီး ကြက်ဥနှင့် အသားထုတ်လုပ်ရေးအပြင် ဇီဝဓာတ်မြေဩဇာ ရရှိရေးကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စပါးစိုက်ပျိုးရာတွင် အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးများကို စိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍများကို အဓိကထား စဉ်းစားဆောင်ရွက်ရန်နှင့် မြို့နယ်တိုင်းတွင် လူငယ်ကျန်းမာကြံ့ခိုင်ရေးအတွက် ဘောလုံးကွင်းရှိရေးနှင့် အားကစားရုံများ ရှိစေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် တင်းကျပ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုကို ရှမ်းပြည်နယ်အတွင်း ကျောင်းဖွင့် ရာသီမတိုင်မီ ၅ ရာခိုင်နှုန်းကျဆင်းအောင် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိသဖြင့် ဖိဖိစီးစီးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ကြိုတင် ဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အလေးထား ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အထွေထွေ ဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် စကားပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ပေါ့ဆ၍မရဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်

ပဲခူး အောက်တိုဘာ ၂၅

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂၂/၂၀၂၁)ကို Online စနစ်ဖြင့် ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ရောဂါ ဖြစ်ပွားမှုနှုန်း နှစ်ရာခိုင်နှုန်း အောက်ရောက်ရှိ ကျဆင်းနေပြီဖြစ်သော်လည်း ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ပေါ့ဆ၍မရဘဲ အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြို့နယ်အလိုက် ရရှိသည့် ကာကွယ်ဆေး အရေအတွက်အတိုင်း သတ်မှတ်ဦးတည်အုပ်စုများ မကျန်ရှိစေရေးနှင့် ကာကွယ်ဆေး လေလွင့်မှုမရှိစေရေး ဆေးထိုးစုရပ်များ အလိုက်ချိတ် ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရဟန်း/သံဃာများ၊ သီလရှင်များ၊ ကပ္ပိယများနှင့် ဝေယျာဝစ္စဆောင်ရွက်သူများအား ရာနှုန်းပြည့် ကာကွယ်ဆေး ထိုးနှံပေးရန်၊ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကိုလည်း ကျောင်းဖွင့်ရာသီမတိုင်မီ ကာကွယ်ဆေး အပြီးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အကြံပြုချက်များနှင့် ကာကွယ်ဆေးထိုး ဆောင်ရွက်မှုအခြေအနေ၊ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေ၊ မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊



ကုသရေး လုပ်ငန်းများနှင့် သီးခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံရန် ရည်မှန်းဦးရေ ၃၇၉၅၀၀၀ရှိပြီး အောက်တိုဘာ ၂၄ ရက်အထိ ပထမအကြိမ် ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၁၂၇၄၀၃၉ဦး၊ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၆၆၀၉၃၆ ဦးရှိသဖြင့် ရည်မှန်းဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော် ထိုးနှံပြီးစီးမှုရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၅** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်၅၅နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ဒေသခံပြည်သူ ၅၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၂၀၆၂ ဦး၊ မွန်ပြည်နယ်(**ယာဗုံ**)နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၅၇၄၉ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၀၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၂၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်၌ ဒေသခံပြည်သူ ၂၉၀၃၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၂၉၇၈၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၂၂၀၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၃၆၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများ စာသင်နှစ်တစ်နှစ် နှစ်နာမှုမရှိစေရေးအတွက် အခြေခံပညာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများ ဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကာကွယ်ဆေး လွှမ်းခြုံမှုအလျင်အမြန် ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းဆတ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၃၈ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၄၀၀၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၀၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၅၁၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၄၀၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၈၅၇၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၄၇ ဦး၊ အမျိုးသမီး ၁၅၄ ဦး စုစုပေါင်း ၄၀၁ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၉ ဦးနှင့် အမျိုးသမီး ၆၈ ဦး စုစုပေါင်း ၁၆၇ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသမီး နှစ်ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

### ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းပြန်လည်ဖွင့်လှစ်ပါက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိပြီး ပညာသင်ကြားနိုင်ရေး မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းလှပစေရန် ဆောင်ရွက်ခြင်း၊ ကျောင်းဆောင်များ ခိုင်ခံ့ရန်ပြုပြင်ခြင်း၊ ခြံစည်းရိုးများ ပြုပြင်ခြင်း၊ စာသင်ခုံနှင့်ပရိဘောဂများ ပြင်ဆင်/ ဖြည့်ဆည်းခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊

၃။ ပိုးသတ်ဆေးဖျန်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ရေတွင်း/ ရေလှောင်ကန်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ သန့်စင်ခန်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခန်းများအတွင်း လျှပ်စစ်မီးပြည့်စုံရန် ဆောင်ရွက်ခြင်း၊ လျှပ်စစ်/ မီးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီစဉ်ဆောင်ရွက်ရန်၊

၄။ ကျောင်းဖွင့်ကာလ၌ ကျောင်းပျက်ကွက်သော ကျောင်းသား/ သူများရှိပါက စိစစ်၍ သင်ကြား၊ သင်ယူမှုနောက်ကျခြင်းမရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

၅။ ကျောင်းသားများ ကျောင်းနေပျော်၍ ကျောင်းတက်မှန်ကန်စေရေး စီမံဆောင်ရွက်ရန်၊

၆။ "စဉ်ဆက်မပြတ် ဆရာ့အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး" လက်စွဲနှင့်မော်ဂျူးများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုဆိုင်ရာစာအုပ်၊ စာပေများကို ဆရာများဖတ်ရှုလေ့လာရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၇။ သင်ရိုးညွှန်းတမ်းနှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို လေ့လာနိုင်ရေးနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ တီထွင်ဖန်တီးအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊


၈။ ပညာသင်ယူရေး၊ ကျန်းမာရေးနှင့် စာရိတ္တကောင်းမွန်ရေးဆိုင်ရာ ပညာပေးဆောင်ပုဒ်များ ချိတ်ဆွဲနိုင်ရေး စီမံဆောင်ရွက်ရန်၊

၉။ လိုအပ်ချက်များရှိပါက အထက်အဆင့်ဆင့်သို့ တင်ပြရန်၊



ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ မရှိ နှာခေါင်း တို့ဖတ်ယူ စစ်ဆေးစဉ်။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ရဝမ်အမျိုးသားဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

ပူတာအို အောက်တိုဘာ ၂၅

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်တိုဘာ ၂၄ ရက်က ပူတာအိုမြို့သို့ရောက်ရှိပြီး ပူတာအို၌ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းများနှင့် တွေ့ဆုံပွဲကျင်းပပြီး ရဝမ်အမျိုးသားဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။



### ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး

ပြည်နယ်ဝန်ကြီးချုပ်သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းများနှင့် တွေ့ဆုံပွဲကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစီအစဉ်များရေးဆွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပူတာအိုလွင်ပြင်ဒေသအား ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပူတာအိုဒေသတွင်း ဆန်ရိက္ခာဖူလုံရေးအတွက် စိုက်ကေများ တိုးချဲ့ဖော်ထုတ်နိုင်ရေးနှင့် သီးထပ်သီးနှံများ နည်းစနစ်ကျစိုက်ပျိုးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ကြပ်မတ်ဆောင်ရွက်ရေးနှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဘာသာရေးအသင်းခေါင်းဆောင်များနှင့် လူမှုကူညီရေးအသင်းတာဝန်ရှိသူများက ခရိုင်အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပူတာအိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စုစုပေါင်း ငွေကျပ် ၇၂ သိန်းတန်ဖိုးရှိ လူနှစ်ယောက်အသုံးပြုနိုင်သည့် Oxygen Concentrator ခြောက်လုံး၊ ဘာသာရေးအသင်းအဖွဲ့ ၁၃ ဖွဲ့တို့အတွက် ဆန်အိတ် ၁၃ အိတ်၊ လူမှုကူညီရေးအသင်းအဖွဲ့များအတွက် ငွေကျပ် ငါးသိန်းနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများ၊ စပါးစိုက်တောင်သူများနှင့် ဓီထမ်းတိုက်ပွဲရှောင်စခန်းတို့အတွက် ဓာတ်မြေဩဇာအိတ် ၅၀ တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘာသာရေးခေါင်းဆောင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၏ လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

### အများပြည်သူ စိတ်ဝင်စားမှုရှိရေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်သို့သွားရောက်ပြီး ရဝမ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ရဝမ်ရိုးရာယဉ်ကျေးမှုကွင်းပတ်လမ်း၊ ခါကာဘိုရာဇီခန်းမဆောင်သွားလမ်းနှင့် ရဝမ်အမျိုးသားပြတိုက်သွားလမ်းများ ခင်းကျင်းဆောင်ရွက်နိုင်ရေး၊ မြေယာရှုခင်းနှင့် အလှပန်းပင်များ စိုက်ပျိုးနိုင်ရေးနှင့် ပြတိုက်အတွင်း ရဝမ်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ၊ ဂီတတူရိယာပစ္စည်းများ၊ ဝတ်စားဆင်ယင်မှုများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး**(ဓါတ်ပုံ)** ပြတိုက်အတွင်း အခင်းအကျင်းများအပေါ် ပညာရှင်များ၏ အကြံပြုချက်အတိုင်း အများပြည်သူ စိတ်ဝင်စားမှုရှိစေရေး ပြင်ဆင်ခင်းကျင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

---

❐ *ကျောဖုံးမှ*

ထွက်ပေါ်လာခြင်းဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ စက်တင်ဘာနှင့် အောက်တိုဘာတွင် ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးအသင်းများသာ ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည့် ၁၂ သင်းအနက် ရှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်ပြီး လေးသင်းမှာမူ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရရှိခြင်းဖြစ်သည်။ ခြေစစ်ပွဲမှ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အီရန်၊ တရုတ်(တိုင်ပေ)နှင့် အင်ဒိုနီးရှားအသင်းတို့ အောင်မြင်လာသည်။

အိမ်ရှင်အိန္ဒိယအပါအဝင် နောက်ဆုံးကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲ ချန်ပီယံ ဂျပန်အသင်း၊ ဒုတိယဆုရ ဩစတြေးလျအသင်းနှင့် တတိယဆုရ တရုတ်အသင်းတို့မှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရရှိသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သောကြောင့် နောက်ဆုံးအဆင့်တွင် ရလဒ်ကောင်း ရယူနိုင်ရန် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရဲရင့်လွင်**

---

## အိုးထရက်ဖို့ဒ်၌ မန်ယူကို ဂိုးပြတ်အနိုင်ရခဲ့သည့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ်(၉)မှ အကောင်းဆုံးပွဲစဉ်ဖြစ်သည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၂၄ ရက် ညပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ကီတာ၊ ဂျိုတာနှင့် ဆာလာက ဟက်ထရစ် သွင်းယူပေးခဲ့သည်။

မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် ပြိုင်ဘက် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ပရီမီယာလိဂ် နောက်ဆုံးလေးပွဲတွင် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး သရေတစ်ပွဲနှင့် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။

ပွဲစသည်နှင့် တစ်ပြိုင်နက် လီဗာပူးအသင်းသည် အိမ်ရှင်မန်ယူအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ ပွဲချိန် ငါးမိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ဆာလာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ကီတာက သွင်းယူနိုင်ခဲ့သည်။ ဒုတိယဂိုးကို ၁၃ မိနစ်တွင် အာနိုး၏ ဖန်တီးမှုမှ ဂျိုတာက သွင်းယူပေးသည်။ တတိယဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ဆာလာက သွင်းယူပေးပြီး စတုတ္ထဂိုးကို ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ဆာလာကပင် သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း လီဗာပူးအသင်းကသာ ဖိအားပေးကစားနိုင်ခဲ့ပြီး ပဉ္စမဂိုး ရယူနိုင်ခဲ့သည်။ အဆိုပါဂိုးကို ဟန်ဒါဆင်၏ ဖန်တီးမှုမှ ဆာလာက သွင်းယူပေးနိုင်ခဲ့သည်။ ဆာလာသည် ယနေ့ပွဲစဉ်တွင် ဟက်ထရစ်ရယူနိုင်ခဲ့သောကြောင့် ပရီမီယာလိဂ်သမိုင်းတစ်လျှောက်တွင် သွင်းဂိုး ၁၀၇ ဂိုးဖြင့် ဂိုးသွင်းအများဆုံး အာဖရိကကစားသမား ဖြစ်လာခဲ့သည်။

ပွဲချိန် ၅၂ မိနစ်တွင် မန်ယူ တိုက်စစ်ကစားသမား စီရော်နယ်ဒိုဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသလို ပွဲချိန် ၅၉ မိနစ်တွင် မန်ယူကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ ပြိုင်ဘက်ကစားသမားကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

လီဗာပူးအသင်းသည် မန်ယူအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ် အဝေးကွင်းနှစ်ပွဲဆက် ငါးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားတွင် ရမှတ် ၂၁ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ မန်ယူအသင်းသည် လာမည့်ပွဲစဉ်များအဖြစ် အောက်တိုဘာ ၃၀ ရက်တွင် စပါးအသင်း၊ နိုဝင်ဘာ ၃ ရက်တွင် အတ္တလန္တာအသင်း၊ နိုဝင်ဘာ ၆ ရက်တွင် မန်စီးတီးအသင်းစသည့် ပွဲကျပ်များကို ဆက်တိုက်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

---

## ပူတာအိုမြို့နယ် ဖုန်ကန်ရာဇီရေခဲတောင်ခြေရှိ ကျေးရွာနှစ်ရွာ၌ စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး သုတ၊ ရသစာအုပ်များ မတည်လှူဒါန်း

ပူတာအို အောက်တိုဘာ ၂၅

ကချင်ပြည်နယ်အတွင်း ဝေးလံခေါင်သီဒေသများမှ ဒေသခံတိုင်းရင်းသားများ စာပေမှ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန်အတွက် ပူတာအိုမြို့နယ် ဖုန်ကန်ရာဇီရေခဲတောင်သွားလမ်းရှိ ခါးလန်ကျေးရွာတွင် သုတ၊ ရသစာအုပ်များ မတည်လှူဒါန်းပွဲကို အောက်တိုဘာ ၂၃ ရက်က အဆိုပါကျေးရွာ လူငယ်ခန်းမ၌ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် စာပေဝါသနာရှင် တိုင်းရင်းသားလူငယ် ၁၀၀ ခန့် တက်ရောက်ကြသည်။ **(ယာအပေါ်ပုံ)**




သုတ၊ ရသစာအုပ် မတည်လှူဒါန်းပွဲတွင် စာရေးဆရာ အကြီးကိုကို(ကသာ)က ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာဖတ်ရခြင်း အကျိုးကျေးဇူးများကို အသိပညာပေးဆွေးနွေးပြီး ရပ်မိရပ်ဖ ဦးတန်ရှင်မာခေါက ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးအတွက် သုတ၊ ရသစာအုပ်များ မတည်လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ အကြီးကိုကို (ကသာ) က ခါးလန်ကျေးရွာ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ မတည်လှူဒါန်းပေးပြီး ခါးလန်ကျေးရွာ လူငယ်ဘောလုံးအသင်းအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ အလားတူ အောက်တိုဘာ ၂၂ ရက်တွင်လည်း လုံနဒမ်းကျေးရွာ လူငယ်ခန်းမတွင်လည်း ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ မတည်လှူဒါန်းပေးခဲ့ပြီး ကျေးရွာအမျိုးသား အမျိုးသမီးလူငယ်ဘောလုံးအသင်းအတွက် ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်သည်။

“ကျွန်တော်တို့အနေနဲ့ ဒီရေခဲတောင်ဒေသတွေကို ရောက်ရှိဖို့ ခက်ခက်ခဲခဲ သွားခဲ့ရပါတယ်။ လမ်းတွေက မတ်စောက်လွန်းတော့ ဆိုင်ကယ် မတက်နိုင်တဲ့ နေရာတွေကို အထုပ်အပိုးတွေလွယ်ပြီး လမ်းလျှောက်တက်ခဲ့ရတယ်။ ပင်ပန်းခဲ့ပေမယ့်လည်း အခုလို သွားရောက်လှူဒါန်းနိုင်ခဲ့တဲ့အတွက် ပျော်ပါတယ်” ဟု စာရေးဆရာ အကြီးကိုကို(ကသာ) က ပြောသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်များကို အနာဂတ်နိုင်ငံတော်အတွက် တောင်ပေါ်တိုင်းရင်းသားတိုင်းရင်းသူများမှ ခေါင်းဆောင်များပေါ်ထွက်လာစေရေး၊ လူလူချင်း အမုန်းတရားများကင်းဝေးပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးတွဲနေထိုင်ရေး၊ တိုင်းရင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

# ထောပတ်သီးအဆီမှ အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းပေးသွားမည်

**ပြင်ဦးလွင် အောက်တိုဘာ ၂၅**

ကိုဗစ်အလွန်ကာလတွင် မြန်မာထွက်ကုန် ထောပတ်သီးအဆီမှ အလှကုန်ပစ္စည်း ထုတ်လုပ်တတ်စေရန်နှင့် ဈေးကွက်အတွင်းသို့ ရောင်းချနိုင်စေရေးအတွက် သင်တန်းပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

လက်ရှိအချိန်တွင် ထောပတ်သီးများကိုဈေးကွက်သို့ တင်ပို့ရောင်းချနေရသော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများ ရပ်တန့်ထားမှုကြောင့် စားသုံးမှုနှုန်းမှာ ကျဆင်းနိုင်သည့်အတွက် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်စေရန် သင်တန်းပေးသွားမည်ဖြစ်ကြောင်း၊ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ထောပတ်သီးအဆီမှတစ်ဆင့် bodylotion ပြုလုပ်နည်း၊ ဆပ်ပြာပြုလုပ်နည်းပညာရပ်များကိုပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

"ထောပတ်သီးကို မဖြစ်မနေကတော့ ထောပတ်ဆီထုတ်လုပ်တဲ့လုပ်ငန်းကို လုပ်ဆောင်သွားမှာပါ။ ထောပတ်ဆီကနေ အလှကုန်ပစ္စည်းထုတ်လုပ်နိုင်ဖို့ သင်တန်းပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ စိတ်ဝင်စားသူအားလုံးကို သင်တန်းပေးသွားမှာပါ။ သင်တန်းကို လူဦးရေအကန့်အသတ်နဲ့ တက်ရောက်ဖို့ ကြိုတင်စာရင်းတောင်းခံသွားမှာပါ။ အမှန်တကယ်ကို စိတ်ဝင်စားပြီး စီးပွားဖြစ်လုပ်မယ့်သူမျိုးကို ဦးစားပေးသွားမှာပါ။ တန်ဖိုးမြင့်ထုတ်ကုန်တွေထုတ်ပြီး ရောင်းချသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ၎င်းကရှင်းပြသည်။

ကိုဗစ်အလွန်တွင် ထောပတ်သီးစိုက်ပျိုးသူများအတွက် ရှေ့လုပ်ငန်းစဉ် ရည်မှန်းချက်များအနေဖြင့် GAP စနစ်ဖြင့်စိုက်ပျိုးဆောင်ရွက်နိုင်ရန် နည်းပညာရပ်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များမှ ထောပတ်သီးနှင့် ဟင်းပွဲပြင်သည့် နည်းပညာရပ်များ၊ ထောပတ်သီးအဆီမှ အလှကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေသည့် နည်းပညာရပ်များကို စီးပွားဖြစ်လုပ်ကိုင်မည့်သူများကို ကျယ်ကျယ်ပြန့်ပြန့် သင်တန်းပေးသွားရန်စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၃၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၈၀ ကျပ် | ၁၄၇၅/၁၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၅/၁၄၈၅ ကျပ် | ၁၄၉၀/၁၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၀/၁၄၇၀ ကျပ် | ၁၄၉၀/၁၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၁၅ ကျပ် | ၁၆၀၀/၁၆၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၃၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၃ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၃ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၂ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၈၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၃၅၂ | ၃၀၉၇၆၀၀ |
| MTSH | ၃၂၀၀ | ၃၃၀၀ | ၆၂၃ | ၂၀၁၃၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃ | ၈၈၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၇၀၉ | ၃၅၄၅၀၀၀ |

ညီညီ - စုစည်းသည်

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၀-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြန်မာတို့၏ရှုကွက်ယှဉ်ပွယ်ရာပုဂံဒေသက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်များ
- ၀၉:၁၀ ထူးခြားစုံလင်အာရုံစိမ့်ဖိတ်အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'စွမ်း'
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'အင်္ဂလိပ်စာဘာသာရပ်'
- ၁၆:၃၅ မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၂၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၁၆)
- ၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ချစ်သောဘာဘီ'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- 07:01 News
- 07:27 Parami Taw (Hnin Hnin Htoo)
- 07:34 Simple Living With High Spirit
- 07:46 Inlay Traditional Lotus Fabric
- 08:01 Rural Customs & Powder Festival
- 08:13 San Lin Tun (Winner) Lose2Win with Andy Season 2
- 08:30 Visiting A Serene Village In The Northwest Of Myanmar
- 08:46 Crab Business (Part-II) Soft Shell Crab
- 09:01 Myanmar Invites You
- 09:17 Products of Myanmar - Pictures Decorated With Seashells And Gemstones
- 09:29 Dances of Myanmar "Muun Traditional Dance"
- 09:34 Halin, A Treasure Trove Of The Ancient Pyu City
- 10:07 Crab Business (Part-I) Mud Crab

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဆေးဖက်ဝင် တမာပင်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ ကရင်ရိုးရာရက်ကန်းလုပ်ငန်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အလှပြာဝေ မြောင်းမြမြေ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချိုအိမွှေးတဲ့ ကောက်ညှင်းကျည်တောက်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှင်သန်နေသောဘဝများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုက်နဲ့ရေလယ်ဘုရားသို့ ဘုရားဖူးတစ်ခေါက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လှပဆင်ယင်ခမ်းတီးအဆင်

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံရေတံခွန်သို့ အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဗိုင်ဝါးစကားပြောကြရအောင်(အပိုင်း-၃)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နှင့်မယားလျှာနှင့်သွားဆိုပေမယ့်'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြစိမ်းရောင်မွေးဖွားခြင်း

ခန့်ဇော်(ကျေးလက်)

**ခေတ်အဆက်ဆက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို အများအားဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။ တစ်အိမ်ထောင်ချင်း အိမ်ထောင်စုအဆင့် ဆင်းရဲရတဲ့ အကြောင်းရင်းတွေကို ကြည့်ပါက အရင်းအနှီးမရှိလို့၊ အတိုးနှုန်းကြီးတဲ့ အကြွေးတွေပိနေလို့၊ ပညာမတတ်လို့၊ အလုပ်လုပ်နိုင်သူအရေအတွက် နည်းလို့၊ မှီခိုသူအရေအတွက်များလို့ စတဲ့အချက်တွေကို တွေ့ရပါတယ်။**



စာရေးသူ မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ သွားရောက်ကွင်းဆင်းစဉ်။

**"မြစိမ်းရောင်က ပြည်သူကိုယ်တိုင်ရွေးချယ်တဲ့ ကျေးရွာကော်မတီမှ ကိုယ်တိုင်ကြီးကြပ်အကောင်အထည်ဖော်တဲ့ ပြည်သူအခြေပြု စီမံကိန်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့တာဝန်၊ ကော်မတီရဲ့တာဝန်က ချေးငွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အရောင်းအဝယ်၊ ထုတ်လုပ်ရောင်းချမှုတွေကို တကယ်ဆောင်ရွက်ရပါမယ်။ အတိုးအရင်းသတ်မှတ်ကာလမှာ တကယ်ဆပ်ရပါမယ်"**

နိုင်ငံအများစုက ကျေးလက်ပြည်သူတွေရဲ့ အခြေခံအဆောက်အအုံ လိုအပ်ချက်ဖြစ်တဲ့ ကျေးလက်လမ်း၊ ရေရရှိရေး၊ မီးရရှိရေး၊ စာသင်ကျောင်း၊ ဆေးပေးခန်း စသည်တို့ကို နိုင်ငံရဲ့ စီးပွားရေးအခြေအနေပေါ် မူတည်ပြီး (သို့မဟုတ်) အကူအညီရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်နေကြပါတယ်။ ဆင်းရဲသူတွေအတွက် အရင်းအနှီးလိုအပ်ချက်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုအနေနဲ့ ဆောင်ရွက်နိုင်မှုနည်းတာကို တွေ့ရပါတယ်။ ဆင်းရဲတဲ့သူတွေ ချေးငွေရရှိဖို့ အခွင့်အလမ်း အလွန်နည်းပါတယ်။ ဘဏ်တွေမှာ ချေးငွေရရှိဖို့ လိုအပ်တဲ့/လိုအပ်ချက်တွေကို မပေးနိုင်လို့ ချမ်းသာသူတွေနည်းတူ တန်းတူအခွင့်အရေး မရရှိကြပါဘူး။ စိုက်ပျိုးရေးချေးငွေသည်ပင်လျှင် လယ်သမားတွေက လယ်ယာပိုင်ဆိုင်မှုပုံစံ(၇)ရှိမှ ချေးငွေရတာ ဖြစ်ပါတယ်။ ရွာတစ်ရွာမှာ လယ်ပိုင်သူ၊ လယ်ယာမရှိသူ ဘယ်သူပိုဆင်းရဲသလဲမေးရင် လယ်ယာမဲ့တွေက ပိုဆင်းရဲပါတယ်။ ပိုဆင်းရဲလေ ချေးငွေ/ အရင်းအနှီးရရှိရန် လက်လမ်းမီဖို့ အခွင့်အရေးနည်းလေ ဖြစ်ပါတယ်။

### ရည်မှန်းချက်တာဝန်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးမှာ Focal အဖြစ် နိုင်ငံကိုယ်စားပြုတာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၂ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပတဲ့ AMRDPE / SOMRDPE အစည်းအဝေးကို တက်ရောက်တဲ့အခါ အခြားနိုင်ငံတွေရဲ့ ဆွေးနွေးချက်တွေမှာ ဆင်းရဲသူတွေကို စီးပွားရေးလုပ်ဖို့ ငွေကြေးထောက်ပံ့တဲ့ Project တွေအကြောင်း တင်ပြကြတာ တွေ့ရပါတယ်။ ဒီအချိန်အထိ ကျွန်တော်တို့ဌာနရဲ့ ရည်မှန်းချက်တာဝန်မှာ ငွေကြေးအရင်းအနှီးနဲ့ ပတ်သက်ပြီး တိတိကျကျ မပါရှိလို့ မဆောင်ရွက်နိုင်သေးပါဘူး။ အာဆီယံအစည်းအဝေးကအပြန်မှာ ဝန်ကြီးက ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးနိုင်မယ့် စီမံကိန်း Design ရေးဆွဲဖို့ တာဝန်ပေးခဲ့ပါတယ်။ စာရေးသူတို့ ကျေးရွာ တစ်ရွာကို ငွေကျပ်သိန်း ၃၀၀ မတည်ပေးပြီး အိမ်ထောင်စုများမှ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေလုပ်နိုင်ဖို့ စီမံကိန်း Design ရေးဆွဲခဲ့ကြပါတယ်။

ထိုအချိန်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရုံးချုပ်ပဲရှိပြီး နယ်တွေ မဖွဲ့စည်းရသေးပါဘူး။ ၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးရဲ့ ပံ့ပိုးမှု၊ အစိုးရရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး မူဝါဒပိုင်းဆိုင်ရာ ကတိကဝတ်ရှိမှုကြောင့် တိုင်းဒေသကြီး / ပြည်နယ် ၁၅ ခုမှာ ခရိုင်ရုံး ၆၀ နဲ့ မြို့နယ်ရုံး ၂၈၃ ရုံး ဖွဲ့စည်းပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ ထိုင်းနိုင်ငံက ကျေးလက်ဖွံ့ဖြိုးရေးလုပ်တဲ့ CP Group of Companies Village Fund Project ဌာနရဲ့ ညွှန်ကြားရေးမှူး Dr. Kanit Sangsubhan မြန်မာနိုင်ငံကို လာရောက်ပြီး VPF မတည်ရန်ပုံငွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေလုပ်တဲ့ မတည်ရန်ပုံငွေကိစ္စကို ရှင်းပြ၍ နေပြည်တော်ဝန်းကျင်ရှိ ကျေးရွာ ၁၀ ရွာကို Pilot Project အဖြစ် စလုပ်ခဲ့ပါတယ်။

### ကျေးလက်ပြည်သူတွေ ဝင်ငွေတိုးဖို့

ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် ရေးဆွဲတဲ့အခါ ပြည်တွင်း ပြည်ပ ပညာရှင်တွေ အထူးသဖြင့် ပြည်တွင်းပညာရှင်တွေ အများစုက ထဲထဲဝင်ဝင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါတယ်။ ပညာရှင်တွေ ထောက်ပြတာက ကျေးလက်ပြည်သူတွေအနေနဲ့ ဝင်ငွေတိုးလုပ်ငန်းတွေလုပ်ဖို့ Working Capital လိုအပ်ပြီး လုပ်နိုင်ဖို့ စွမ်းဆောင်ရည်မြှင့်တင်ပေးရမယ်လို့ အကြံပြုကြပါတယ်။ ထို့အပြင် ကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရ ကျေးလက်အိမ်ထောင်စု ၇၅ ရာခိုင်နှုန်းခန့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ အတိုးမဲ့/ အတိုးနည်း ချေးငွေလိုအပ်ကြောင်း သိရှိခဲ့ရပါတယ်။ ဒါ့ကြောင့် ပြည်သူတွေရဲ့ အမှန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့၊ ဒီမိုကရေစီမှာ အခွင့်အရေး တန်းတူမရရှိတဲ့ ကျေးလက်ပြည်သူတွေ ငွေကြေးအရင်းအနှီး လက်လှမ်းမီအောင် ဆောင်ရွက်ဖို့၊ မဟာဗျူဟာ အစီအစဉ်အရ ဆောင်ရွက်နိုင်ဖို့ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်ကစလို့ နိုင်ငံတော်ရန်ပုံငွေနဲ့ မြစိမ်းရောင်ကို စီမံကိန်းရေးဆွဲပြီး လွှတ်တော်တင်ပြကာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

စီမံကိန်းအမည်ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလို့ ပေးခဲ့ပေမယ့် "မြစိမ်းရောင်" ရဲ့ အဓိပ္ပာယ်က မည်သည့်အဖွဲ့အစည်းကိုမှ ရည်ညွှန်းကိုယ်စားမပြုဘဲ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ အစိမ်းရောင်စီးပွားရေးဖြစ်စဉ် (Green Growth) ကို ကိုယ်စားပြုမျှော်မှန်း၍ အမည်ပေးခဲ့ခြင်းဖြစ်ပါတယ်။

### စီမံကိန်း Design

နိုင်ငံတော်ရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀ မတည်ပေးပြီး ကျေးရွာမှ အများသဘောတူ ရွေးချယ်တင်ပြတဲ့ ကော်မတီက ရန်ပုံငွေကို စီမံခန့်ခွဲစေပါတယ်။ ကျေးရွာရွေးချယ်မှုအနေနဲ့ (က) ဆင်းရဲသောကျေးရွာ (ခ) စိုက်ပျိုး/ မွေးမြူရေး အလားအလာရှိသောကျေးရွာ (ဂ) တရားဥပဒေစိုးမိုးတဲ့ ကျေးရွာ (ဃ)ကျေးရွာသူ ကျေးရွာသားများရဲ့ စည်းလုံးညီညွတ်မှု၊ စီမံကိန်းကို လိုလားစွာအကောင်အထည်ဖော်နိုင်မှု (င) လမ်းပန်းဆက်သွယ်ရေး လုံခြုံတည်ငြိမ်မှုတို့ ဖြစ်ပါတယ်။

### အတိုးနှုန်း

အတိုးနှုန်းကို ငွေကျပ် ၁၀၀ အတွက် တစ်လလျှင် ငွေကျပ်ငါးမူးမှ တစ်ကျပ်ခွဲအထိ ကျေးရွာ၏ အများသဘောတူညီချက်ဖြင့် ရွာကော်မတီက သတ်မှတ်နိုင်ပါတယ်။

### ကော်မတီဖွဲ့စည်းမှု

စီမံကိန်းကို တကယ်လုပ်မယ့်သူတွေကို ခုနစ်ဦးမှ ကိုးဦး၊ ၁၁ ဦး ရွာအကြီးအသေးပေါ် မူတည်ပြီး မဲစနစ်နဲ့ ရွာလုံးကျွတ်အစည်းအဝေးမှာ ရွေးချယ်ပါတယ်။ မဲအများဆုံးရတဲ့သူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အမျိုးသမီး ၅၀ ရာခိုင်နှုန်း ပါဝင်အောင် တတ်နိုင်သမျှ စီစဉ်ပါတယ်။ Facilitate လုပ်ပါတယ်။ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနဲ့ ငွေစာရင်းကိုင်တွေ ရွေးပါတယ်။ ပြီးလျှင် ကော်မတီအဖွဲ့ဝင်အားလုံးကို စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ ငွေစာရင်းကိုင်တွယ်ထိန်းသိမ်းခြင်း စတဲ့ သင်တန်းတွေကို ကျေးလက်ဦးစီးက ပေးပါတယ်။

မြစိမ်းရောင်က ပြည်သူကိုယ်တိုင်ရွေးချယ်တဲ့ ကျေးရွာကော်မတီမှ ကိုယ်တိုင်ကြီးကြပ်အကောင်အထည်ဖော်တဲ့ ပြည်သူအခြေပြု စီမံကိန်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့တာဝန်၊ ကော်မတီရဲ့တာဝန်က ချေးငွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အရောင်းအဝယ်၊ ထုတ်လုပ်ရောင်းချမှုတွေကို တကယ်ဆောင်ရွက်ရပါမယ်။ အတိုးအရင်းသတ်မှတ်ကာလမှာ တကယ်ဆပ်ရပါမယ်။ ပဲပြုတ်ရောင်းသူလည်း ငွေကျပ် ၅၀၀၀၀ လောက်ချေးပြီး ရောင်းနိုင်ပါတယ်။ ဟင်းသီးဟင်းရွက် ရောင်းချင်ရင်လည်း ငွေကျပ် ၅၀၀၀၀/ တစ်သိန်းနဲ့ ရောင်းလို့ရပါတယ်။ တစ်ပိုင်/ တစ်နိုင် ဝက်၊ ဆိတ်မွေးရင်လည်း နှစ်/ သုံးကောင် မွေးလို့ရပါတယ်။ စိုက်ပျိုးရေးသွင်းအားစုအတွက် ငွေကျပ်သုံးသိန်းမှ ငါးသိန်း စသဖြင့် ရွာအလိုက် ဆောင်ရွက်နိုင်ကြပါတယ်။

မြစိမ်းရောင်စီမံကိန်းကို ၂၀၁၃ ခုနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ အတူ စတင်မွေးဖွားခဲ့ပြီး အကောင်အထည်ဖော်မှုကို ၂၀၁၃ ခုနှစ်မှာ စတင်ခဲ့ကာ ယခုအချိန်မှာ မြစိမ်းရောင်စီမံကိန်းက အရာရောက်နေခဲ့ပါပြီ။ ။

## မန်တုံမြို့နယ်၌ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်းဖွင့်လှစ်

**မန်တုံ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ကျေးရွာလူနေမှုဘဝများ အဆင့်မြင့်မားတိုးတက်လာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး စံပြကျေးရွာများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်းကို ယမန်နေ့က မန်တုံမြို့နယ် လွယ်ကန်ကျေးရွာ ဘက်စုံသုံးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသည်။

ရေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇေယျာမင်းမောင်မောင်က ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ အသိပညာများနှင့် စိုက်ပျိုးရေးနည်းလမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ခံ ဝန်ထမ်းများက တက်ရောက်လာကြသော စီမံကိန်းကော်မတီဝင်များကို အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာများ၊ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု သင်ခန်းစာများကို သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို မန်တုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသသောက်သုံးရေရရှိရေး၊ မီးရရှိရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဝင် ကျေးရွာများအနက် လွယ်ကန်(၁)၊ နားအော်လေး၊ ဟူးလိန်၊ မန်နား(ခိုမုန်း)၊ နမ့်ရမ်းကျေးရွာငါးရွာ၏ စီမံကိန်းကော်မတီဝင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးမိုးကျော်**

# ကန့်ကြီးထောင့်မြို့နယ် မိုးစပါးစံကွက်စုပေါင်းရိတ်သိမ်းပွဲ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ကန့်ကြီးထောင့် အောက်တိုဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာရှိ လယ်ဧက ၁၀၀ စံပြကွက်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် မိုးစပါးစံပြကွက်စုပေါင်းရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးစပါးစံကွက်အား ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံကာ မျိုးသန့်စပါးထုတ်လုပ်မှု အခြေအနေများ၊ မျိုးသန့်စပါး စိုက်ပျိုးရောင်းချရမှု အခြေအနေများနှင့် တစ်ဧကစပါးအထွက်နှုန်းများကို မေးမြန်းရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ ရိတ်သိမ်းခဲ့သည့် လယ်ဧက ၁၀၀ စံပြကွက်၌ ဆင်းသုခ၊ ပခန်း၊ သီးထပ်ရင်၊ မော်ဘီ စသည့် စပါးမျိုးကို စိုက်ပျိုးထားပြီး တစ်ဧကစပါးအထွက်နှုန်းမှာ ၁၀၅ တင်းထွက်ရှိပြီး မျိုးသန့်စပါးတစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ရောင်းချရကြောင်း သိရပြီး စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)



# ပူတာအိုခရိုင်အတွင်းသို့ ကိုဗစ်- ၁၉ ကာကွယ်ဆေး သွားရောက်ထိုးနှံပေးမည့်အဖွဲ့အား ကချင်ပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၂၅**
ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးကွင်းဆင်းအဖွဲ့သည် ပူတာအိုခရိုင်အတွင်းသို့ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရန်အတွက် ယနေ့နံနက်ပိုင်းမှစပြီး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်ကြည်လင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင့်နိုင်တို့က ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။




ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုဗစ်- ၁၉ ကာကွယ်ဆေး သွားရောက်ထိုးနှံပေးမည့် အဖွဲ့အား ယခုလိုပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို အားတက်သရော ပါဝင်ဆောင်ရွက်ပေးသော ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီးက ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဒုတိယပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှိုင်လှိုင်ဌေးက လက်ခံယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်း ကိုဗစ်- ၁၉ ကာကွယ်ဆေး သွားရောက်ထိုးနှံပေးမည့်အဖွဲ့သည် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို တီယန်ဇွပ်ကျေးရွာနှင့် ပူတာအိုခရိုင်အတွင်း ကျေးရွာများရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၄၀၀၀ နှင့် အသက်၁၂ နှစ်နှင့် အထက်ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအား ထိုးနှံပေးမည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက်တွင်လည်း ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်မှစတင်ပြီး နိုဝင်ဘာ ၁ ရက်အထိ တစ်ပတ်အကြာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာပြည်အထက်ပိုင်း ကွမ်းနုဝါဈေးကွက် အတက်ဘက်သို့ ဦးတည်

**ရန်ကုန် အောက်တိုဘာ ၂၅**
မြန်မာပြည် အထက်ပိုင်းရှိ ကွမ်းရွက် (ကွမ်းနုဝါ) ဈေးနှုန်းများ အောက်တိုဘာလ တတိယပတ်မှစတင်၍ အတက်ဘက်သို့ စတင်ဦးတည်လာကြောင်း ဒေသခံ ကွမ်းရွက်ခြံများထံမှ သိရသည်။

"အောက်ပြည်ဘက်က ကွမ်းတွေက အစောပိုင်းရက်တွေကတည်းက ဈေးစတက်နေတာ။ ကျွန်တော်တို့ဒေသက ကွမ်းတွေက အခုမှ ဈေးစတက်တာလေးရက်လောက်ပဲ ရှိသေးတယ်။ ဈေးဘာလို့ အတက်ဘက်ဦးတည်လာလဲဆိုတော့ မိုးတွင်းတုန်းက မိုးရေချိန်များခဲ့တော့ ကွမ်းခြံတွေ ပျက်သွားတာကြောင့် ကွမ်းအထွက်နှုန်း လျော့နေတာရယ်၊ ဒီနှစ်က စိုက်ပျိုးသူနည်းတာကြောင့် အထွက်နှုန်းနည်းသွားတာရယ် ကြောင့်ပါ။ အရင်အတိုင်းသာ လမ်းပန်းဆက်သွယ်ရေး ပွင့်လာမယ်ဆို ကွမ်းဈေးနှုန်းက အခုထက်ပိုကောင်းသွားနိုင်တယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ ကွမ်းနုဝါ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူ ဦးဝင်းနိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် ကွမ်းနုဝါကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံး စိုက်ပျိုးထုတ်လုပ်ကြပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့တွင်လည်း အနည်းငယ် စိုက်ပျိုးထုတ်လုပ်ကြသည်။

"ကျွန်တော်တို့ ဒေသက စိုက်ပျိုးထုတ်လုပ်တဲ့ ကွမ်းနုဝါကို တောင်ကြီး၊ လားရှိုး၊ မိုးကုတ်၊ ဖားကန့်၊ တမူး၊ ကလေး စတဲ့ မြန်မာပြည် အလယ်ပိုင်းကနေ အထက်ပိုင်း ဒေသတွေအထိ ရောင်းချပါတယ်။ ဒီဒေသတွေက ကွမ်းနုဝါကိုပဲ အများဆုံးစားသုံးကြတာ။ ဈေးကွက်က နယ်ပယ်ကျယ်ဝန်းတယ်။ ရန်ကုန်ဘက်ကတော့ အောက်ပြည်မှာစိုက်တဲ့ ကွမ်းစိမ်းတွေ ဈေးသင့်နေသေးရင် ကျွန်တော်တို့ဆီက ကွမ်းကို မစားသေးဘူး။ ကွမ်းစိမ်း ဈေးတအားတက်တဲ့အချိန် စားသုံးသူ မလိုက်နိုင်တဲ့အခါ ဆိုရင်တော့ ကျွန်တော်တို့ဆီက ကွမ်းနုဝါကို မှာစားကြတာမျိုး ရှိတတ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုလက်ရှိ ကွမ်းနုဝါဈေးကွက်အတွင်း ကွမ်းရွက် (ကွမ်းနုဝါ) တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၄၀၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်း သိရသည်။

နန်းထက်ထက်ချစ်



# မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှထွက်ရှိသော ကွမ်းသီးမှည့်အလုံးခြောက်များ ယခင်နှစ်ကထက် ဈေးကောင်းရ

**မြိတ် အောက်တိုဘာ ၂၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိကျေးရွာများမှ ထွက်ရှိသော ကွမ်းသီးမှည့်များ စတင်ထွက်ပေါ်လျက်ရှိရာ ယခင်နှစ်ကွမ်းသီးမှည့် ထွက်ချိန်ရာသီထက် ယခုနှစ် ကွမ်းသီးအလုံးခြောက်ဈေးနှုန်းများ ပိုမိုကောင်းမွန်ကြောင်း ကွမ်းသီးစိုက်တောင်သူများနှင့် ကွမ်းသီးအရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

"ယခင်နှစ်က ဒီလိုအချိန်မှာ ကွမ်းသီးမှည့်စထွက်ချိန် အလုံးခြောက်ဈေးက တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ၃၅၀၀ လောက်ပဲ ဈေးပေါက်တယ်။ ကွမ်းသီးအထွက်နည်းလာတဲ့ ရာသီနှောင်းပိုင်းလောက်ရောက်မှပဲ တစ်ပိဿာ ၅၀၀၀ ကျော် ၆၀၀၀ ရလာတာ၊ ဒီနှစ်ကျတော့ ကွမ်းသီးမှည့်ပေါ်စမှာတင် တစ်ပိဿာ ငွေကျပ် ၆၀၀၀ ကျော်အထိ ဈေးရနေတယ်။ မနှစ်က မရောင်းဘဲ သိုလောင်ထားတဲ့ ကွမ်းသီးအလုံးခြောက်တွေ အခုတစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ကျော်ရတယ်။ သိုလှောင်ထားနိုင်တဲ့ ကွမ်းသီးအလုံးခြောက်ဟောင်းတွေက ပိုခြောက်သွေ့ကြလို့ ဈေးကောင်းပိုရပါတယ်"ဟု ကျောက်ဖြူကျေးရွာမှ ကွမ်းသီးခြံပိုင်ရှင် တစ်ဦးက ပြောသည်။

လက်ရှိတွင် ကွမ်းသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှင့် ၆၅၀၀ အထိ ဈေးရနေပြီး ယခင်နှစ်က သိုလှောင်ထားသည့် ကွမ်းသီးအလုံးခြောက်များမှာ ဈေးပိုကောင်းလျက်ရှိရာ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ကျော်အထိ ဈေးရရှိနေကြောင်း သိရသည်။

ယခင်နှစ်က ကွမ်းသီးရာသီပေါ်ချိန် အစပိုင်းလောက်တွင် အလုံးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ ၄၀၀၀ နှင့် ရောင်းချခဲ့ရပြီး ရာသီနှောင်းပိုင်း အထွက်နည်းသည့်ကာလမျိုးရောက်မှသာ ကွမ်းသီးဈေးတွေက ကောင်းလာကြသဖြင့် ယခင်နှစ်ရာသီထက်ယခုနှစ် ကွမ်းသီးဈေးက ပိုကောင်းလျက်ရှိကြောင်း သိရသည်။

မြိတ်မြို့နယ်တွင် ကွမ်းသီးပင်အများဆုံးစိုက်ပျိုးသည့် ကျေးရွာများမှာ စန္ဒဝတ်၊ ပပြင်၊ အလယ်ချောင်း၊ ဒေါ၊ ကျောက်ဖြူ၊ မရမ်းပင်ချောင်း၊ သမုတ်၊ ပင်းအို၊ ငါအင်း၊ လော့လော့၊နန်းတော်ရာ၊ တုန်းဗျော၊ ခုန်မော်၊ မဇော၊ သကန် (ရွာဟောင်း)၊ မရင်း၊ တပ်တောင် စသည့် ကျေးရွာများမှ အဓိကထွက်ရှိသည့် ကွမ်းသီးအလုံးခြောက်များကို မြို့ပေါ်ရှိ အဝယ်ဒိုင်ကြီးများနှင့် ပုလောမြို့၊ ထားဝယ်မြို့တို့ဘက်ရှိ ကွမ်းသီးအဝယ်ဒိုင်ကြီးများသို့ တင်ပို့ရောင်းချကြသည်အပြင် မော်လမြိုင်၊ ရန်ကုန်၊ တောင်ကြီးမြို့တို့မှလည်း မှာယူဝယ်ယူမှုများလည်း ရှိသည်။

ကွမ်းသီးပင်များကို မြန်မာနိုင်ငံတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်အများဆုံးစိုက်ပျိုးသော်လည်း တောင်ငူကွမ်းသီးနှင့် မြိတ်ကွမ်းသီးတို့မှာ လူကြိုက်များ ထင်ရှားသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တွင် ကွမ်းသီးပင် စိုက်ပျိုးမှုမှာ တနင်္သာရီမြို့နယ်တွင် ၂၀၄၈၃ ဧက၊ ကျွန်းစုမြို့နယ်တွင် ဧက ၅၅၇၂ ၊ မြိတ်မြို့နယ်တွင် ၄၅၂၃ ဧက၊ ပုလောမြို့နယ်တွင် ၁၁၀၉၀ ဧက စုစုပေါင်း ကွမ်းသီးစိုက်ဧကပေါင်းမှာ ၄၁၆၆၈ ရှိပြီး ကွမ်းသီးထွက်ရှိမှုမှာ ၁၂၆၄၉၁၁၃ ပိဿာခန့် ထွက်ရှိကြောင်း မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

မြင့်ဦး(မြိတ်)

# ပန်းခင်းစီမံချက်အတွက် ခေါ်ယူခဲ့သော ဝန်ထမ်းသစ်များအား တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

**မကွေး အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တိုင်းဒေသကြီးအတွင်း ခန့်အပ်သည့် ဝန်ထမ်းသစ်များအား ဌာနတွင်း အခြေခံဘာသာရပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ ပညာရေးဒီဂရီကောလိပ်ခန်းမ၌ကျင်းပရာ(**ယာပုံ**) တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၏ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ရာတွင်လည်း အချိန် အကန့်အသတ်ဖြင့် လုပ်ငန်းပမာဏများသောကြောင့် ဝန်ထမ်းအင်အား ဖြည့်တင်းပေးရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဩဂုတ်လထဲတွင် အလုပ်လျှောက်လွှာများ ခေါ်ယူခဲ့ကြောင်း၊ ဝန်ထမ်းသစ်များအနေဖြင့် နိုင်ငံတော်က မိမိတို့ကို အလုပ်အကိုင်အခွင့်အလမ်း တစ်ခုတင်သာမကဘဲ နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်ပေးခဲ့သည့် ကျေးဇူးကို သိတတ်သောအားဖြင့် ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ဌာနတွင်း အခြေခံဘာသာရပ်သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဝန်ထမ်းသစ်များ ဌာနတွင်းသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ ပို့ချမည်ဖြစ်ပြီး သင်တန်းကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက် (၉) ရပ်၊ ဝန်ကြီးဌာနသမိုင်းနှင့် ဝန်ကြီးဌာန ဖွဲ့စည်းပုံ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ပြည်သူ့အင်အားဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဝန်ထမ်းကျင့်ဝတ်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ လက်နက်မဲ့ စစ်ရေးပြဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကိုအောင် (ပြန်/ဆက်)**

# ပခုက္ကူ၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ နှစ်သောင်းကျော်ရှိ

**ပခုက္ကူ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၂၀၂၂ ခုနှစ် မတ် ၁၁ ရက်မှ စတင်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အမျိုးအစားများ အလိုက် ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၂၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်အဝ ထိုးနှံပေးပြီးသူ နှစ်သောင်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(ဒုတိယအကြိမ်) ဆက်လက်ထိုးနှံပေးခြင်းကို ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ရာ ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ပြည်သူများအနေဖြင့် အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆေးထိုးစုရပ်နေရာများခွဲ၍ မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင် ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ကိုယ်ပူချိန်တိုင်းတာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက ဆေးထိုးစုရပ်များအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ဒုတိယအကြိမ်) ဆက်လက်ထိုးနှံပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၀၈၄ ဦးကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးကျော်သူထံမှ သိရသည်။ **ဆလိုင်းကိုကီး(ပြန်/ဆက်)**




# ဝက်လက်မြို့၌ စားဆီတစ်ပိဿာကို ငွေကျပ် ၃၉၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**ဝက်လက် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့အတွင်း ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ စားဆီ လက်လီရောင်းဝယ်ရေးကားဖြင့် မြို့မစည်ပင်သာယာဈေးအနောက်ဘက်တွင် ယနေ့နံနက် ၆ နာရီမှစ၍ လူတစ်ဦးလျှင် ဆီတစ်ပိဿာကို ငွေကျပ် ၃၉၀၀ နှုန်းဖြင့် တစ်ရက်လျှင် ဆီ ၁၁၀၀ ပိဿာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆီ လာရောက်ဝယ်ယူသူ ဝက်လက်မြို့ မန်ကျီးတုံကျေးရွာမှ အိမ်ရှင်မတစ်ဦးက "ဆီတစ်ပိဿာကို ငွေကျပ် ၃၉၀၀ နဲ့ ရောင်းတာတွေ့လို့ လာဝယ်တာပါ။ ကျွန်မတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရသူတွေ အတွက် ဝမ်းသာစရာတစ်ခုဖြစ်ပါတယ်။ အပြင်မှာဆိုရင် ပဲဆီတစ်ပိဿာကို ငွေကျပ် ၇၀၀၀ ကနေ ၈၀၀၀အထိ ရှိပါတယ်။ အခု ကျွန်မ လာရောက်ဝယ်ယူတဲ့စားဆီက အပြင်မှာဆို တစ်ပိဿာကို ငွေကျပ် ၅၂၀၀ အထိရှိပါတယ်။ ငွေကျပ် ၃၉၀၀နဲ့ ရောင်းချတော့ ကျွန်မတို့အတွက် အဆင်ပြေပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ ဆီရောင်းတာ အခုက တတိယအကြိမ်ပါ။ တစ်ကြိမ်ကိုသုံးရက်မှာ ဆီပိဿာ ၃၃၀၀ ရောင်းချပေးပြီး တတိယအကြိမ်မှာ ဆီပိဿာ ၉၉၀၀ ကို ရောင်းချပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ဆီရောင်းချသူတစ်ဦးက ပြောသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

# လိပ်သိုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

**လိပ်သို အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် လိပ်သိုမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သံတောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ယမန်နေ့က လိပ်သိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လိပ်သိုမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က လိပ်သိုဒေသရှိတိုင်းရင်းသား ပြည်သူများအား နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ခွင့်လက်မှတ် ရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများအလိုက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများထံအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေကြေးကုန်ကျမှုသက်သာပြီး ကိုယ့်ဒေသတွင် လုပ်ငန်းခွင်အလုပ်အကိုင်မပျက် နိုင်ငံသားစိစစ်ရေး ကတ်ပြား ရရှိသည့်အတွက် ဝမ်းသာစရာဖြစ်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် ပြောကြားသည်။

ထို့နောက် ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးသည့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့အုပ်ချုပ်ရေးမှူးနှင့် ဒုလဝကမှူး နော်အယ်သိုတို့က ကျေးရွာပြည်သူများလက်ဝယ်သို့ ပေးအပ်ကြောင်း သိရသည်။

**နွယ်နွယ်ခိုင်**
**(ပြန်/ဆက်)**

# မြန်မာ ယူ - ၂၃ အသင်းနှင့် ယူအေအီး ပထမတန်းကလပ်အသင်း ခြေစမ်းပွဲကစား

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၁၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် အောက်တိုဘာ ၂၄ ရက် ညပိုင်းက ယူအေအီးပထမတန်း ကလပ် Al Jazeera Al Hamra အသင်းနှင့် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ ခြေစမ်းပွဲကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် အာရှဖလားခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ဒူဘိုင်းမြို့၌ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲ တစ်ပွဲကစားခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုဖြစ်သောကြောင့် မြန်မာယူ-၂၃ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် အမာခံကစားသမားများကိုအသုံးပြုကာ ကစားသမားများလဲလှယ် အသုံးပြုခဲ့သည်။ မြန်မာ ယူ-၂၃ အတွက် ပထမဆုံးကစားသည့် နိုင်ငံတကာခြေစမ်းပွဲဖြစ်ကာ သရေရလဒ်ရယူနိုင်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ (I) ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အောက်တိုဘာ ၃၀ ရက်တွင် တရုတ် (တိုင်ပေ) အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**


## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက် အအုံများအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှ အသိအမှတ်ပြု ကန်ထရိုက်တာ လိုင်စင်ရ ဦးအောင်နိုင်မြင့်သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မိုးမိုးအေးမှ ၎င်းအဆောက်အအုံအတွက် ပေးသွင်းခဲ့ရသော အဆောက်အအုံဆိုင်ရာကိစ္စအဝဝအတွက် အာမခံကြေးများအား ထုတ်ယူခွင့် ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်ရက် မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အအုံ လိပ်စာ | မြေရှင် အမည် | အဆောက်အအုံဆောက် လုပ်ခွင့်ရ ကန်ထရိုက်တာ | ကန်ထရိုက်တာ လိုင်စင်အမှတ် |
|---|---|---|---|---|
| ၁။ | အမှတ် (၃၃၄/က)၊ ၁၆/၃ ရပ်ကွက်၊ ပြည်သာယာ လမ်း၊ သဃ်န်းကျွန်း | ဒေါ်စိုးစိုးညွန့် | ဦးအောင်နိုင်မြင့် | LC-606 |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)



## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)(အထက်လမ်း)၊ 4A၊ လေးလွှာ၊ အမှတ်(၂၁၉-၂၂၁)နေ ဒေါ်ငြိမ်းငြိမ်းဝင်း(ဘ) ဦးအလာဒင် ၁၂/အစန(နိုင်) ၁၀၇၇၈၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

